မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁ရက်၊ ၂၀၀၈ခုနှစ်၊ ဇွန် ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၅၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတိုင်းပြည် ဂုဏ်သိက္ခာမြင့်မားရေး လုပ်ကိုင်ဆောင်ရွက် ဒေသနှင့်ကိုက်ညီသည့်သီးနှံများ တိုးချဲ့စိုက်ပျိုး

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇွန် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန်၁၆ရက် နံနက်စနာရီခွဲတွင် တာချီလိတ်မြို့ရှိ အောင်မြတ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်က ဒေသတွင်း ဆန်နှင့်ဆီ ဖူလုံမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ မြေယာဖော်ထုတ် စိုက်ပျိုးမှု၊ နှစ်ရှည်သီးနှံ ရော်ဘာစိုက်ပျိုးမှု၊ ကုန်းမြင့်လယ်ယာဖော်ထုတ်မှု၊ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပြီးစီးမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်တပ်ဖွဲ့နှင့် ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံများ၊ ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ *

ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဖြတ် ပြည်သူ့ဆေးရုံတွင် ဆေးရုံတက် လူနာများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အခြေအမြစ်မရှိတဲ့ လုပ်ကြံဖန်တီး စွပ်စွဲချက်တွေကို လေထဲကလာတာ လေထဲမှာ ပျောက်သွားလိမ့်မယ်လို့ ပေါ့ပေါ့တန်တန်တော့ သဘောမထားသင့်ပါဘူး။ ဒါတွေဟာ စပါးကျီလို ကြွယ်ဝတဲ့ မြန်မာနိုင်ငံကို ဖျက်ဖို့ ရရာလမ်းကြောင်းက ကြွက်တွေ အပေါက်ဖောက်နေကြတာပဲလို့ သဘောပေါက်ထားဖို့ လိုပါတယ်။ ကြွက်ဆိုတာ အပေါက်ဖောက်ပြီးတာနဲ့ဝင်ပြီး တွေ့ကရာကို ဖျက်ဆီးတော့တာပါပဲ။

ဒါကြောင့် အဖျက်သမား ကြွက်သောင်းကျန်းတွေ ဝင်မလာနိုင်စေဖို့ ကြွက်ဝင်ပေါက် မရှိရလေအောင် အမျိုးသားရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ဆိုတဲ့ ကျောက်သားနံရံတွေနဲ့ ခိုင်ခိုင်မာမာ ကာရံထားဖို့ လိုမှာဖြစ်ကြောင်း အသိမပေးကြစေဖို့ သတိပေးလိုက်ပါရစေ။

မောင်ဒွဲဒိုး၏ ဆောင်းပါး စာ-၃

မော်လမြိုင်ကျွန်းမြို့နယ် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနေ

ရန်ကုန် ဇွန် ၁၈

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ အနေဖြင့် ၂၀၀၈-၂၀၀၉ခု ပညာသင်နှစ်အတွက် ရာနှုန်းပြည့်နီးပါး ပြန်လည်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ကြောင်း သိရှိရသည်။

အချိန်မီဖြန့်ဖြူး

မော်လမြိုင်ကျွန်းမြို့နယ်၌ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း စုစုပေါင်း ၂၈၂ကျောင်းရှိရာ ယခုအခါ စာသင်ကျောင်းများအားလုံးနီးပါး ဖွင့်လှစ်သင်ကြားနေပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များလည်း အချိန်မီဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

နှံ့ကားမျိုးစပါးတင်း ၂၄၀၀ လပွတ္တာမြို့နယ်၌ ဖြန့်ဝေမည်

ရန်ကုန် ဇွန် ၁၈

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက လပွတ္တာမြို့နယ် အမတ်ကျေးရွာအတွက် နှံ့ကားမျိုးစပါးတင်း ၁၄၀၀၊ အလယ်ကျော်ကျေးရွာအတွက် တင်း၁၀၀၀တို့ကို ကျေးရွာများရှိ တောင်သူလယ်သမားများထံ ဖြန့်ဝေပေးရန် ဇွန်၁၇ရက် နံနက်ပိုင်းတွင် လပွတ္တာဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၁၉ ရက်)

လေဘေးသင့်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးရေး မျိုးချစ်စိတ်ဓာတ် အပြည့်အဝထားရှိဖော်ဆောင်

သဘာဝအန္တရာယ်များနှင့် ကြုံတွေ့ကြရသည့် နိုင်ငံတိုင်း ပြည်သူတိုင်းသည် သဘာဝဘေးအန္တရာယ်၏ ပြင်းထန်ကြီးမားမှုအပေါ်မူတည်ပြီး ဆုံးရှုံးပျက်စီးမှုများ ရှိကြသည်ဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမြဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မေလဆန်းပိုင်းက ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ဒေသများ၌ ပျက်စီးဆုံးရှုံးခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် မြို့ပြ၊ကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အဆက်မပြတ် လုပ်ဆောင်နေကြပြီ ဖြစ်သည်။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်လှသည်ဖြစ်ရာ သာမန်တည်ဆောက်ရေးသာမဟုတ်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းပြီး နိုင်ငံတော်က ဦးစားပေးအဆင့်အလိုက် တည်ဆောက်နေခြင်းဖြစ်သည်။

လေဘေးသင့်ဒေသတစ်ခုဖြစ်သော ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာ အထက်တန်းကျောင်းခွဲ အပါအဝင် ဟိုင်းကြီးကျွန်းအတွင်းရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများကို သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်တည်ဆောက်လျက်ရှိရာ ယခုအခါ ပြုပြင်ပြီးစီးနေပြီ ဖြစ်သည်။ လေဘေးသင့်ဒေသများနှင့် ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ဒေသတစ်ခုလုံး၏ ပညာရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ပေးမှု အစီအမံများကိုလည်း ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ကျောက်ကလပ်ကျေးရွာ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး သာမက ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးမျှော်မှန်းပြီး လက်ရှိအခြေခံပညာအထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဖျာပုံပြည်သူ့ဆေးရုံကို ခုတင်(၂၀၀)အဆင့်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာပြည်သူ့ဆေးရုံများကို ခုတင်(၁၀၀)အဆင့်သို့ တိုးမြှင့်ပေးခဲ့ရာ ဒေသအတွင်းရှိ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိလာပြီ ဖြစ်သည်။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဒေသ၏လိုအပ်ချက်နှင့်အညီ စီမံဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျိုးချစ်စိတ်ဓာတ် အပြည့်အဝထားရှိပြီး ဝိုင်းဝန်းဖော်ဆောင်ကြခြင်းဖြင့် လေဘေးသင့်ဒေသများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ လျင်မြန်စွာ တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်း အမှတ် ၂၅၆နေ ဦးချစ်ညွန့်အား ရည်စူး၍ ဒေါ်သန်းရီမိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့်ဦးမောင်လှိုင်တို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

မြောက်ဦးမြို့နယ် ကျွဲတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်

ရန်ကုန် ဇွန် ၁၈

မြောက်ဦးမြို့နယ် ကျွဲတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို မေ၂၈ရက် နံနက် ၈နာရီက ကျွဲတဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးစံထွန်းကျော်နှင့် ကျွဲတဲအထက(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးမောင်သိန်းရွှေတို့က ကျွဲတဲအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)** ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစံထွန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြောင်းဘွေကျေးရွာအထက ဆရာကြီးဦးတင်ရွှေက ပညာရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျွဲတဲအထက(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးမောင်သိန်းရွှေက ကျောင်းသမိုင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အခမ်းအနားသို့ မြောက်ဦးမြို့နယ်ပညာရေးမှူး ကျွဲတဲကျေးရွာအထက(ခွဲ) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျွဲတဲ၊ ဥက္ကာကျော်၊ ဘူးတလုံး၊ လက်ပံတော၊ ပါးတော်၊ င/မဲပြင်၊ ဇီးဇရ၊ ကန့်သရီကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာ ကျေးလက်စာကြည့်တိုက်များ ဆောက်လုပ်ရန် လှူဒါန်း

ရန်ကုန် ဇွန် ၁၈

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဆောက်လုပ်ရန်အတွက် အလှူငွေနှင့်စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန်၁၄ရက်နံနက်က မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းက စာကြည့်တိုက်များ ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အလှူငွေနှင့်စာအုပ်ပေးအပ်ပွဲ ကျင်းပရာ ရန်ကုန်မြို့ ရေတာရှည်ရပ်ကွက် နန္ဒဝန်လမ်း တိုက်အမှတ် ၁၀၃(C) ပထမထပ်နေ မြန်မာ့ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးလင်းထိန်-ဒေါ်နီလာအောင်တို့က မိတ္ထီလာမြို့နယ် မြာရေဝေကျေးရွာ အမေ့အိမ်စာကြည့်တိုက်အတွက် အလှူငွေကျပ်သိန်း၂၀**(ယာပုံ)** အပါအဝင် အလှူရှင်၄၂ဦးတို့က မိတ္ထီလာမြို့နယ်အတွင်း စာကြည့်တိုက်များအတွက် စာအုပ်နှင့် အလှူငွေကျပ် ၉၃၁၀၅၀၀၊ မလှိုင်မြို့နယ်အတွက် စာကြည့်တိုက်များ ဆောက်လုပ်ရန် အလှူရှင်နှစ်ဦးကအလှူငွေကျပ်သိန်း၆၀၊ ဝမ်းတွင်းမြို့နယ်အတွက် အလှူရှင်လေးဦးက အလှူငွေကျပ် ၃၈၂၅၀၀၀ နှင့် သာစည်မြို့နယ်အတွက် အလှူရှင်လေးဦးက စာအုပ်နှင့်အလှူငွေကျပ် ၉၆၆၃၀၀တို့ကို မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်မောင်အုန်းထံ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။ မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ အလှူငွေပေးအပ်ပွဲတွင် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၇၆၅၇၀၀၀နှင့် ငွေကျပ်၂၄၄၈၀၀၀တန်ဖိုးရှိ သုတ၊ ရသ၊ပညာရပ်ဆိုင်ရာ မဂ္ဂဇင်း၊ဂျာနယ် အုပ်ရေ၁၇၀၆အုပ်ကိုလက်ခံရရှိသည်။ မိတ္ထီလာမြို့နယ်တွင် ကျေးရွာ၃၇၉ရွာရှိရာ ကျေးရွာ၂၅၀ကျော်တွင် ကျေးလက် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့သဖြင့်မန္တလေးတိုင်းအတွင်း မိတ္ထီလာခရိုင်သည် ကျေးလက်စာကြည့်တိုက်အများဆုံး ဖွင့်လှစ်ထားသည့် ခရိုင်ဖြစ်သည်။ (၀၈၆)

မြဝတီရုပ်မြင်သံကြား

၁၉-၆-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့ မွေးရပ်မြေ** (အပိုင်း-၅)
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက်** (အပိုင်း-၉)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၂၂)

စပါးကျီဖောက်မယ့် ကြွက်တွေ-သတိထား

ကြွက်ဆိုတဲ့သတ္တဝါတွေဟာ အဖျက်မှာတော့ ဝိဇ္ဇာပါပဲ။ တောထဲက ကြွက်တွေက စပါးခင်းကို ဖျက်တယ်။ မြို့ထဲ ရွာထဲက ကြွက်တွေကျတော့ စပါးကျီကို ဖောက်တယ်။ မီးဖိုချောင်ထဲက ငါးခြောက်ပြားကိုချီတယ်။ ဗီရိုထဲက အဝတ်တွေကို ကိုက်တယ်။ မဟုတ်တဲ့နေရာမှာ ဉာဏ်ကောင်းလိုက်ပုံကလည်း သူမတူအောင်ပဲ။ ဥတင်းထဲက ကြက်ဥကိုတောင် တစ်ကောင်က ကျောပိုးပြီး နောက်တစ်ကောင်က အမြီးဆွဲလို့ ချီပြေးတတ်တဲ့ အကောင်တွေပါ။ အနံ့ခံကောင်းသလောက် အပေါက်ရှာပြီး ဝင်တတ်တဲ့နေရာမှာလည်း ရှာမှရှား။ ကြမ်းကြားပေါက်၊ ထရံပေါက်၊ အပေါက်မှန်သမျှ ရအောင်ရှာပြီး ဝင်တယ်။ အပေါက်မရှိရင် သွားနဲ့ ကိုက်ဖောက်ပြီး ဝင်တယ်။ မြေအောက်က ကလိုင်ဖောက်ပြီး ဝင်တယ်။

မြန်မာပြည်ကြီးကို ဖျက်ဆီးချင်နေကြတဲ့ ပြည်တွင်း ပြည်ပ၊ မြေပေါ် မြေအောက် အဖျက်သမားတွေကလည်း ဒီကြွက်တွေ အတိုင်းပါပဲ။ အမူအကျင့်တွေက တစ်ထေရာတည်း တူလွန်းလို့ ကြွက်တွေများ ဝင်စားလာကြသလားလို့တောင် ထင်ရတယ်ဗျာ။

ကိုယ့်လူတွေသာ အာဏာရမယ်ဆိုရင် 'ဘနဖူးကို သိုက်တူးရင် တူးရပစေ' ဆိုတဲ့ လူစားမျိုးတွေပါ။ အခုလည်း နာဂစ်မုန်တိုင်း နှိပ်စက်ခံလိုက်ရလို့ တိုင်းပြည်မှာ အထိနာချိန်မှာကိုပဲ သိန်းနဲ့ချီပြီး သေကြေ၊ ကျေကြေ ရစရာမရှိအောင် ပျက်စီးဆုံးရှုံးကြရတဲ့ လူသားအချင်းချင်းကိုမှ အားမနာ၊ မစာနာ မထောက်ထားနိုင်ကြဘဲ ဒီတိုင်းပြည်တော့ ဒုက္ခရောက်ပြီဟ၊ ဒီအစိုးရတော့ အပြုတ်ချရတော့မဟ ဆိုပြီး ဝမ်းသာအားရ ဝိုင်းတွယ်ချင်ကြတာ။ ရိုင်းရိုင်းပြောရရင် အိပ်ရာထဲလဲနေတဲ့ လူမမာကို လည်မျိုညှစ်ပြီး ဓားပြတိုက်ချင်တဲ့ သူခိုးဓားပြတွေနဲ့ တူလိုက်ပါဘိ သေးတော့တယ်ဗျာ။

နာဂစ်ဖြစ်လိုက်လို့ ဝမ်းမြောက်ဝမ်းသာ တိုက်စရာ၊ ဖျက်စရာအကွက်တွေကို ရှာတဲ့နေရာမှာလည်း ကြွက်တွေ အပေါက်ရှာတတ်သလိုပါပဲ။

မြန်မာလူမျိုးတွေက အတိတ်နိမိတ်တွေ၊ ဗေဒင်ယတြာတွေကို ယုံတတ်တယ်ဆိုပြီး 'နာဂစ်' ဖြစ်ပြီးပြီးချင်း ထွက်လာတဲ့ နိုင်ငံတကာ စာနယ်ဇင်းတွေမှာ ဒီမုန်တိုင်းဟာ နောက်တစ်ပတ်ကျင်းပမယ့် ဆန္ဒခံယူပွဲကို နတ်ဒေဝတာတွေက သဘောမကျလို့ သဘောမတူကြောင်း ပြတဲ့နိမိတ်၊ စစ်အစိုးရကို ကောင်းကင်ဘုံရဲ့ Mandate မပေးတော့ဘူးဆိုတဲ့ အဓိပ္ပာယ်လို့လည်း ကြံကြံဖန်ဖန် ကြံစည်တွေးတောပြီး ပြောတတ်လိုက်ကြသေးတယ်။

လူတကာ ချောက်ချားအောင် ကောလာဟလတွေ ထုတ်လွှင့်တဲ့နေရာမှာလည်း ထိပ်တန်းကပဲ။ နာဂစ်ပြီးခါစမှာ နာဂစ်ထက်ကြီးတဲ့ မုန်တိုင်းလာတော့မယ်၊ ငလျင်ကြီး လှုပ်တော့မယ်နဲ့ အုန်းအုန်းကျွက်ကျွက် ဖြစ်အောင် လုပ်လိုက်သေးတယ်။ အဲဒီအရှိန်က ခုထက်ထိတောင်မှ မရပ်နိုင်သေးဘူးခင်ဗျ။ ဇွန်လ ၁၆ရက်နေ့မှာ လေးထပ်တိုက်လောက် မြင့်တဲ့ လှိုင်းလုံးကြီးတွေ ရန်ကုန်မြို့ကို တက်လာလိမ့်မယ်၊ ရွှေတိဂုံဘုရားက ခြသေ့်ကြီးတွေက ရေငတ်နေလို့ ခြသေ့်ပါးစပ်အထိရောက်အောင် ရေတွေ တက်လာလိမ့်မယ် ဆိုတဲ့ သတင်းတွေက ထွက်လာလိုက်သေးတယ်။ ယုံတဲ့လူတွေကလည်း ယုံကြတယ်ခင်ဗျာ။ ရန်ကုန်မြို့မှာ အသက်ကယ် အင်္ကျီတွေတောင်မှ ဈေးတက်သွားသေးဆိုပဲ။

ဒါတွေဟာ သာမန်အားဖြင့် တွေးကြည့်ရင်တော့ ဘာမှမဟုတ်တဲ့ ကိစ္စပါ။ ဒါပေမယ့် နိုင်ငံရေးတိုက်ကွက်အရတော့ ငြိမ်နေတဲ့ရေကို လှုပ်ပစ်မှု၊ ဆူအောင်ပွက်အောင်လုပ်မှု၊ လူတွေ စိတ်တုန်လှုပ်ချောက်ချားမှုတွေဖြစ်လာမှု၊ အနည်းဆုံးအားဖြင့်တော့ (Panic Buying) ကြောက်အားလန့်အားနဲ့ ဆန်တွေ ဆီတွေ ပြေးဝယ်ကြမယ်၊ ကုန်ဈေးနှုန်းတွေ မတည်မငြိမ် ဖြစ်လာမယ်၊ လူတွေက အစိုးရအပေါ် မကျေမနပ်တွေ ဖြစ်လာမယ်၊ နိုင်ငံရေးလှုပ်ရှားမှုတွေ ဖြစ်လာမယ်ဆိုတဲ့ အကွက်ကို ဖန်တီးနေတာပါပဲ။ ကြွက်တွေ အပေါက်ရှာမရတော့ တွေ့တဲ့နေရာ ကိုက်ဖောက်သလိုပေါ့ဗျာ။

လေဘေးဒဏ်သင့်တဲ့ နေရာတွေမှာလည်း ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်တဲ့ နေရာတိုင်းမှာ ရရာနည်းနဲ့ အပေါက်ရှာ ကိုက်ဖောက်ဖို့ ကြိုးစားနေခဲ့ကြတာပါပဲ။

ပထမဆုံး အစိုးရနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကြားမှာ သပ်လျှိုခဲ့ပါတယ်။ မြန်မာအစိုးရက နိုင်ငံတကာအကူအညီတွေကို လက်မခံဘဲ ကိုယ့်ပြည်သူတွေကို အသက်ဆုံးရှုံးအောင် လုပ်နေပါတယ်ဆိုပြီး အော်ဟစ်ခဲ့ကြတယ်။ လူသားချင်း စာနာထောက်ထားတဲ့အနေနဲ့ အင်အားသုံးပြီး အတင်းဝင်သင့်ရင် ဝင်ရတော့မယ်လို့လည်း အတည်ပေါက်နဲ့ ဟောက်လားဟိန်းလား လုပ်ခဲ့ကြသေးတယ်။ ပြောကြပေမပေါ့၊ အပေါက်ဝမှာကလည်း စစ်သင်္ဘောတွေက အသင့်ရောက်နေကြပြီကိုး။

မြန်မာအစိုးရက နိုင်ငံတကာအကူအညီတွေကို လက်ခံကြိုဆိုနေပါတယ်ဆိုပြီး ရှင်းလိုက်ပြန်တော့ နိုင်ငံတကာက လှူချင်တဲ့သူတွေ သဒ္ဓါပျက်အောင် တာဝန်ရှိသူတွေက နိုင်ငံတကာ အကူအညီတွေကို လေဘေးသင့်ပြည်သူတွေဆီ မပေးဘဲ ကြားကနေ အပြင်ထုတ် ရောင်းစားနေသလိုလို ကျယ်ကျယ်လောင်လောင် ပြောခဲ့ကြပြန်ပါရော။

မောင်ဒွေးဒိုး

လေဘေးသင့် ဒေသတွေမှာလည်း အစိုးရနဲ့ ပြည်သူတွေအကြား ထင်ယောင်ထင်မှားဖြစ်အောင် သပ်လျှိုဖို့အတွက် လေဘေးအကူအညီတွေ ဒုက္ခသည်တွေဆီ မရောက်ဘူး။ ရောက်ရင်လည်း မဖြစ်စလောက်ပဲ ရောက်တယ်။ နေစရာမရှိတဲ့ ဒုက္ခသည်တွေကို ဘာမှပြင်ဆင်မထားသေးတဲ့ နေရင်းရပ်ရွာတွေဆီ အတင်းနှင်ထုတ်နေတယ်။ လုပ်ကိုင် စားသောက်ဖို့လည်း ဘာမှ ကူညီမပေးဘူး။ လယ်စိုက်စရာ နွားလည်းမရှိ၊ မျိုးစပါးလည်းမရှိ၊ ဆားငန်ရေပြည့်နေတဲ့ လယ်တွေမှာ လယ်လုပ်မရလို့ လယ်သမားတွေပါ ငတ်သေတော့မယ် အစရှိတဲ့ မဟုတ်တမ်းတရမ်း စွပ်စွဲချက်တွေကို လုပ်ကြံဖန်တီးပြီး သတင်းတွေ လွှင့်ခဲ့ကြပြန်ပါသေးတယ်။ ဒီစွပ်စွဲချက်တွေကလည်း နိုင်ငံပိုင် မီဒီယာတွေမှာ နိုင်ငံတော်အစိုးရ၊ စေတနာရှင်ပြည်သူတွေနဲ့ တပ်မတော်၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေအားလုံးက လက်တွဲညီညီ ကူညီထောက်ပံ့ ဝိုင်းဝန်းလုပ်ကိုင်နေကြတာကို ပေါ်ပေါ်လွင်လွင် ထုတ်လွှင့်ပြသနိုင်ခဲ့တော့ သဲထဲရေသွန် ဖြစ်သွားရပြန်ပါတယ်။

အဲဒီတော့လည်း တစ်ဖက်လှည့်နဲ့ တပ်နဲ့ပြည်သူတွေအကြား၊ ပြည်သူအချင်းချင်းအကြား သွေးကွဲအောင် ရန်တိုက်ပေးပြန်ပါရော။ ဟိုင်းကြီးကျွန်းမှာ ကယ်ဆယ်ရေးပစ္စည်းဝေတဲ့အခါ တပ်မိသားစုတွေက သာမန်ပြည်သူတွေထက် ဝေစုပိုယူတယ်ဆိုပြီး စွပ်စွဲသံတွေလည်း ထွက်လာပါသေးတယ်။ တကယ်စဉ်းစားကြည့်ရင် တပ်ဆိုတာ ကိုယ့်ရိက္ခာနဲ့ကိုယ်ရှိပြီးသား။ **ပြန်လည်တည်ဆောက်ရေးမှာလည်း ဌာနဆိုင်ရာ အစီအမံတွေ ရှိပြီးသားမို့ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းတွေကို အားကိုးနေစရာ သိပ်မရှိပါဘူး။ ပြောရရင် ဘေးပတ်ဝန်းကျင်က လေဘေးဒဏ်သင့်တဲ့ ပြည်သူတွေကို တပ်မိသားစု ဆရာဝန်တွေ စုဖွဲ့ထားတဲ့ ဆေးအဖွဲ့နဲ့လိုက်ပြီး ပြုစုစောင့်ရှောက်ပေးတာတို့၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ တပ်မတော်သားတွေ ပါဝင်ပြီး ကူညီဆောင်ရွက်ပေးနေတာ တို့ဟာ ဟိုင်းကြီးကျွန်းတစ်ဝိုက်က ပြည်သူတွေ ကိုယ်တိုင်သိပြီးသားပါ။**

ပြည်သူအချင်းချင်း ကြားထဲမှာလည်း လေမုန်တိုင်းဒဏ်ခံရတာချင်း အတူတူ ဗုဒ္ဓဘာသာ မြန်မာအများစုနေတဲ့ ရွာတွေကို ကယ်ဆယ်ရေး စခန်းတွေ ထောင်ပေးတယ်၊ ခရစ်ယာန်ဘာသာဝင် ကရင်ကျေးရွာတွေကိုတော့ ဂရုမစိုက်ဘူး၊ ပစ်ထားတယ်ဆိုတဲ့ ကုန်းတိုက်စကားတွေလည်း ထွက်လာပါသေးတယ်။ ဒုတိယကမ္ဘာစစ်ကာလတုန်းက ကရင်-ဗမာ အဓိကရုဏ်းတို့၊ ပြည်တွင်းသောင်းကျန်းမှုကာလက မြစ်ဝကျွန်းပေါ် ဆူပူမှုတို့လို ခုနစ်ဆွေး၊ ရှစ်ဆွေး အနာဟောင်းတွေကို ပြန်ဆွပြီးတော့လည်း မြစ်ဝကျွန်းပေါ်က တိုင်းရင်းသားညီအစ်ကိုချင်း ပြန်ပြီး ရန်တိုက်ပေးချင်သေးတယ်။

ဒီကနေ့ ကမ္ဘာမှာ စားနပ်ရိက္ခာ အကျပ်အတည်း၊ လောင်စာဆီ အကျပ် အတည်း၊ စီးပွားရေး အကျပ်အတည်း စတဲ့ အကျပ်အတည်းတွေ အမျိုးမျိုးနဲ့ စစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေ စတဲ့ ခြိမ်းခြောက်မှု အမျိုးမျိုးတွေကို ရင်ဆိုင်နေကြရတဲ့ အချိန်မှာ ကိုယ့်နိုင်ငံကို ခိုင်ခိုင်မာမာ လုံလုံခြုံခြုံနဲ့ အေးအေး ချမ်းချမ်းရှိနေအောင် ကြိုးစားကြရမှာက နိုင်ငံသားအားလုံးရဲ့ တာဝန်ပါ။

တကယ်တော့ ဒါတွေဟာ မလုပ်ကောင်းတဲ့ ကိစ္စတွေပါဗျာ။ သူများတွေ ဒုက္ခရောက်တဲ့အပေါ်မှာ နိုင်ငံရေးအမြတ် မထုတ်သင့်ပါဘူး။ နိုင်ငံပိုင် ရုပ်မြင်သံကြား အစီအစဉ်တွေမှာလည်း လေဘေးသင့်ဒေသတွေမှာ လူမျိုးဘာသာမခွဲခြားဘဲ ကယ်ဆယ်ကူညီ ထောက်ပံ့ပေးနေတာ၊ ပြန်လည်ထူထောင် တည်ဆောက်ပေးနေတာ မျက်ဝါးထင်ထင် တွေ့မြင်နေရတာပဲ။ ဘုန်းကြီးကျောင်းတွေရော၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွေရော၊ ဗလီဝတ်ကျောင်းတွေရော လေဘေးဒဏ်ခံရတာလည်း အတူတူပဲ။ ပြန်လည်တည်ဆောက်ကြရာမှာလည်း အတူတူပါပဲ။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ပေးရာမှာ မိဘက သားသမီးကို ကျောသားရင်သား မခွဲခြားဘဲ စောင့်ရှောက်သလိုပါပဲ။ တကယ်တမ်းပြောရရင် အခုလာပြီး ထောက်ပံ့ကူညီနေကြတဲ့ ပြည်တွင်းပြည်ပ စေတနာရှင် အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအလှူရှင်တွေသာ ကာလကြာလာသည်နဲ့အမျှ ကူညီလှူဒါန်း ဆောင်ရွက်နိုင်တဲ့အား လျော့သွား၊ ရပ်သွားချင်သွားမယ်၊ နိုင်ငံတော်အစိုးရကတော့ ကိုယ့်ပြည်သူပြည်သား မိသားစုတွေကို ဆက်ပြီး ရေရှည်ပြုစုစောင့်ရှောက်ထူထောင်ပေးသွားမှာဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ ဘယ်လိုအကြောင်းနဲ့မှ လျစ်လျူရှုထားမှာမဟုတ်ပါဘူး။

ဒီလိုအခြေအမြစ်မရှိတဲ့ လုပ်ကြံဖန်တီး စွပ်စွဲချက်တွေကို လေထဲက လာတာ လေထဲမှာပျောက်သွားလိမ့်မယ်လို့ ပေါ့ပေါ့တန်တန်တော့သဘော မထားသင့်ပါဘူး။ ဒါတွေဟာ စပါးကျီလို ကြွယ်ဝတဲ့ မြန်မာနိုင်ငံကို ဖျက်ဖို့ ရရာလမ်းကြောင်းက ကြွက်တွေ အပေါက်ဖောက်နေကြတာပဲလို့ သဘောပေါက်ထားဖို့ လိုပါတယ်။ ကြွက်ဆိုတာ အပေါက်ဖောက်ပြီးတာနဲ့ ဝင်ပြီး တွေ့ကရာကို ဖျက်ဆီးတော့တာပါပဲ။

ဒီကနေ့ ကမ္ဘာမှာ စားနပ်ရိက္ခာအကျပ်အတည်း၊ လောင်စာဆီအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်း စတဲ့ အကျပ်အတည်းတွေအမျိုးမျိုးနဲ့ စစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေ စတဲ့ ခြိမ်းခြောက်မှုအမျိုးမျိုးတွေကို ရင်ဆိုင်နေကြရတဲ့အချိန်မှာ ကိုယ့်နိုင်ငံကို ခိုင်ခိုင်မာမာ လုံလုံခြုံခြုံနဲ့ အေးအေး ချမ်းချမ်းရှိနေအောင် ကြိုးစားကြရမှာက နိုင်ငံသားအားလုံးရဲ့ တာဝန်ပါ။ ဒါကြောင့် အဖျက်သမား ကြွက်သောင်းကျန်းတွေ ဝင်မလာနိုင်စေဖို့ ကြွက်ဝင်ပေါက် မရှိရလေအောင် အမျိုးသားရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ဆိုတဲ့ ကျောက်သားနံရံတွေနဲ့ ခိုင်ခိုင်မာမာ ကာရံထားဖို့လိုမှာဖြစ်ကြောင်း အသိမဝေးကြစေဖို့ သတိပေးလိုက်ပါရစေခင်ဗျား။ ။

ဘုန်းကြီးကျောင်းတွေရော၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွေရော၊ ဗလီဝတ်ကျောင်းတွေရော လေဘေးဒဏ်ခံရတာလည်း အတူတူပဲ။ ပြန်လည်တည်ဆောက်ကြရာမှာလည်း အတူတူပါပဲ။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ပေးရာမှာ မိဘက သားသမီးကို ကျောသားရင်သား မခွဲခြားဘဲ စောင့်ရှောက်သလိုပါပဲ။ တကယ်တမ်းပြောရရင် အခုလာပြီး ထောက်ပံ့ကူညီနေကြတဲ့ ပြည်တွင်းပြည်ပ စေတနာရှင် အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက အလှူရှင်တွေသာ ကာလကြာလာသည်နဲ့ အမျှ ကူညီလှူဒါန်း ဆောင်ရွက်နိုင်တဲ့အား လျော့သွား၊ ရပ်သွားချင်သွားမယ်၊ နိုင်ငံတော်အစိုးရကတော့ ကိုယ့်ပြည်သူ ပြည်သား မိသားစုတွေကို ဆက်ပြီးရေရှည် ပြုစုစောင့်ရှောက် ထူထောင်ပေးသွားမှာ ဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ ဘယ်လို အကြောင်းနဲ့မှ လျစ်လျူရှုထားမှာ မဟုတ်ပါဘူး။

19-6 (03).pmd 1 6/19/2008, 2:03 AM

ရွေးကောက်ပွဲမတိုင်မီ အိုဘားမား အီရတ်သို့သွားရောက်မည် ဂျွန်မက်ကိန်း အီရတ်သို့ ရှစ်ကြိမ်သွားခဲ့ပြီးဖြစ်

ဝါရှင်တန် ဇွန် ၁၈

နိုဝင်ဘာ အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်မီ ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမား(ယာပုံ)က အီရတ်နှင့်အာဖဂန်နစ္စတန်နိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇေဘာရီနှင့်တယ်လီဖုန်း ဆက်သွယ်ပြောကြားစဉ် ဇွန်၁၆ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

အိုဘားမားက သူသာ အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရလျှင် အမေရိကန်အနေဖြင့် အီရတ်တွင် ရေရှည်တပ်စွဲ သိမ်းပိုက်ထားမည်မဟုတ်ကြောင်း၊ အီရတ်အစိုးရအနေဖြင့်လည်း အီရတ်အချုပ်အခြာအာဏာနှင့် ပတ်သက်၍ စိုးရိမ်သည်ကို သတိပြုမိကြောင်း အီရတ်နိုင်ငံခြားရေး ဝန်ကြီးအား ပြောကြားလိုက်သည်။

ထပ်မံရောက်ရှိ

အိုဘားမားသည် ၂၀၀၆ခုနှစ် ဇန်နဝါရီလက အီရတ်သို့ တစ်ခေါက်ရောက်ခဲ့ပြီးနောက် ဤတစ်ကြိမ်သည် ပထမအကြိမ် ထပ်မံရောက်ရှိခြင်းဖြစ်လိမ့်မည်။

တိုးတက်အောင်မြင်

ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းမှာမူ မတ်လအတွင်းက နောက်ဆုံးရောက်ခဲ့ပြီး အီရတ်သို့ရှစ်ကြိမ်တိုင်သွားရောက်လည်ပတ်ဖူးပြီဖြစ်သည်။ အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇေဘာရီနှင့် ဇွန် ၁၅ရက်က တွေ့ဆုံစဉ် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားမှုကြောင့် လုံခြုံရေးအခြေအနေတိုးတက်အောင်မြင်မှုကို ဂျွန်မက်ကိန်းက ကြွားဝါလိုက်ပြီး တိုးတက်မှုကို ထိန်းထားရန် လိုအပ်ကြောင်း မှတ်ချက်ပြုလိုက်သည်။

စကားစစ်ထိုး

ရွေးကောက်ပွဲ မဲဆွယ်ရာ၌ အချေအတင်စကားစစ်ထိုးရာတွင်အီရတ်စစ်ပွဲမှာ မပါမပြီးသည့် အကြောင်းအရာတစ်ခုဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အကျပ်အတည်း ဖြေရှင်းမှုဌာန ထူထောင်ရေး အိန္ဒိယက အာရှနိုင်ငံများသို့ တိုက်တွန်း

ကွာလာလမ်ပူ ဇွန် ၁၈

ကမ္ဘာ့စိန်ခေါ်မှုများ မြင့်တက်လာမှုကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာလုံးဆိုင်ရာဌာနတစ်ခု တည်ထောင်ရေးအတွက် အိန္ဒိယနိုင်ငံက အာရှနိုင်ငံများသို့ ကွာလာလမ်ပူမြို့၌ ဇွန် ၁၆ရက်တွင် တိုက်တွန်းဆော်ဩလိုက်သည်။

ကမ္ဘာတစ်ဝန်း အကျပ်အတည်းများ သိသိသာသာ မြင့်တက်လာကြောင်း၊သို့သော်ကမ္ဘာ့အဆင့် ဖြေရှင်းပေးရေးဌာနမရှိကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ယာ့ရှ်စဝမ့်စင်ဟာက ကွာလာလမ်ပူမြို့၌ ကျင်းပသော (၁၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေး ဖိုရမ်ဖွင့်ပွဲတွင် ပြောကြားသည်။

ပူးပေါင်း

အာရှနိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ တုံ့ပြန်ဆောင်ရွက်နိုင်မည့် အကျပ်အတည်းဖြေရှင်းရေးဌာနတစ်ခု တည်ထောင်ရန် အလျင်အမြန် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ၎င်းကပြောကြားသည်။

ဤသည်မှာ အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရမည့် အကြောင်းအရာတစ်ရပ်ပင်ဖြစ်ကြောင်း၊ အာရှနိုင်ငံများ၏ အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးကို ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ စီးပွားရေးပညာရှင်များ၊ နိုင်ငံရေးအဖွဲ့ အစည်းများနှင့်မီဒီယာသမားများ ပါဝင်သောကိုယ်စားလှယ်၃၀၀ခန့် တက်ရောက်သည်။

ဆွေးနွေး

ယင်းတို့သည် စွမ်းအင်၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ငွေကြေးမတည်ငြိမ်မှုများကဲ့သို့သော ပြဿနာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်မည့်ကိစ္စ အမေရိကန် ရှောင်ရှားသင့်ဟုဆို

ကူဝိတ် ဇွန် ၁၈

ကူဝိတ်ထောက်ပံ့ရေးအသင်းတစ်ခုဖြစ်သည့် ရီဗိုက်ဗယ်အော့ အစ္စလာမ္မစ်ဟဲရစ်တေ့ချ် အသင်း၏ ပိုင်ဆိုင်ခွင့်များကို ထိန်းထားရန် အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကြောင့် အမေရိကန်နှင့် ကူဝိတ်နှစ်နိုင်ငံ ဆက်ဆံရေး ထိခိုက်နိုင်ကြောင်း ကူဝိတ်ပါလီမန်ဥက္ကဋ္ဌ အယ်ခါရာဖီက ဇွန်၁၅ရက်တွင် ပြောကြားသည်။

နှစ်နိုင်ငံဆက်ဆံရေး

အမေရိကန်နိုင်ငံအနေဖြင့် ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားစေလိုကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားစေနိုင်သည့် အရေးယူဆောင်ရွက်မှုမျိုးကို ရှောင်ရှားသင့်ကြောင်း အယ်ခါရာဖီက သတင်းထောက်များအား ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဇင်ဘာဘွေနိုင်ငံ၏ အခြေအနေဆွေးနွေးရန် ကုလသမဂ္ဂထိပ်တန်းအရာရှိ ဟာယာရေးသို့ရောက်ရှိ

ဟာယာရေး ဇွန် ၁၈

ဇင်ဘာဘွေ နောက်ဆက်တွဲသမ္မတရွေးကောက်ပွဲမတိုင်မီ ငါးရက်ကြာနေထိုင်ရန် ကုလသမဂ္ဂထိပ်တန်းအရာရှိ ဟေးမင်ကာရီယိုသည် ဇင်ဘာဘွေနိုင်ငံသို့ရောက်ရှိလာသည်။

မျှော်လင့်

ဇွန် ၂၇ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ အခြေအနေကို ဆွေးနွေးရန် ဟေးမင်ကာရီယိုသည် ဇင်ဘာဘွေနိုင်ငံရေးသမားများနှင့် တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။

အကြမ်းဖက်မှုများသည် ကျေးလက်ဒေသမှ ဟာယာရေးမြို့တော်အနီးသို့တိုင် ပျံ့နှံ့လာသည်ဟု သတင်းရသည်။

ပြောကြား

ထိုအတောအတွင်း ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီကို ရွေးကောက်ပွဲတွင် မဲခိုးခွင့်မပြုသင့်တော့ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဘရောင်းက ညှော်သည်တော် အမေရိကန်သမ္မတဘုရှ်အား ပြောကြားလိုက်သည်။

(အင်တာနက်)

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် ၂၀၀၈ မယ်စကြဝဠာပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိနေသည့် (ဝဲမှယာ) **အယ်ဆာဗေဒို၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့မှ အလှမယ်များအား ဇွန် ၁၇ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

တရုတ်မြောက်ပိုင်း၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျ

ဟိုချ်ဟော့ ဇွန် ၁၈

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဇွန် ၁၅ရက်က လေယာဉ်ငယ်တစ်စင်း တောင်စောင်းတစ်နေရာတွင် တိုက်မိရာမှ ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်ပါရှိသူ သုံးဦးသေဆုံးပြီး တစ်ဦးမှာပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာရုံးအဖွဲ့က ပြောကြားသည်။

ပျက်ကျ

ယင်းဖြစ်ပွားမှုသည် ညနေ၄ နာရီ ၁၀မိနစ်ခန့်က ချီဖန်းမြို့၏ ၇၅ကီလိုမီတာအကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ပြည်သူ့လုံခြုံရေးအဖွဲ့မှ အကြီးအကဲက ပြောကြားသည်။ ကယ်ဆယ်ရေးအဖွဲ့မှ ဒဏ်ရာရရှိသူအား ပြည်နယ်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ခဲ့ရကြောင်း ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂါဇာ၌ အပစ်အခတ်ရပ်ရန် သဘောတူညီမှုရပြီ

ဂျေရုဆလင် ဇွန် ၁၈

ဂါဇာရှိ ဟားမတ်စ် စစ်သွေးကြွအုပ်စုနှင့် အပစ်အခတ် ရပ်စဲရေးကို အစ္စရေးအစိုးရက အတည်ပြုလိုက်ပြီဖြစ်ကြောင်း အစ္စရေး မီဒီယာနှင့် ကာကွယ်ရေးဌာန အရာရှိများက ပြောဆိုသည်။

အတည်ပြု

အီဂျစ် ကြားဝင်စေ့စပ်ပေးသူများနှင့် ကိုင်ရို၌ ဆွေးနွေးပြီး ကိုင်ရိုမှ အစ္စရေး ကာကွယ်ရေး ဝန်ကြီးဌာနတာဝန်ရှိသူ အေမော့ဂီလပ် ပြန်ရောက်လာပြီးနောက် ယင်းသို့ အတည်ပြုလိုက်ခြင်း ဖြစ်သည်။

ပြောဆို

အပစ်အခတ် ရပ်စဲမှုကို ကြာသပတေးနေ့ နံနက် ၆နာရီတွင် စတင်မည် ဖြစ်ကြောင်း ပါလက်စတိုင်းနှင့် အီဂျစ် အရာရှိများက ယမန်နေ့က ပြောဆိုသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘာကူဘာမြို့၌ ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

နယူးယောက် ဇွန် ၁၈

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်မှ ဇွန် ၁၈ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၂၉ $^{\circ}$C	မိုးရွာ
ဂျပန်	တိုကျို	၂၃ $^{\circ}$C	လေပြင်းတိုက်
ထိုင်း	ဗန်ကောက်	၃၄ $^{\circ}$C	မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၉ $^{\circ}$C	လေပြင်းတိုက်
ပါကစ္စတန်	ကရာချိ	၃၅ $^{\circ}$C	လေပြင်းတိုက်
အီဂျစ်	ကိုင်ရို	၃၄ $^{\circ}$C	သာယာ
ရုရှား	မော်စကို	၂၁ $^{\circ}$C	မိုးရွာ
ဂျာမနီ	ဖရန့်ဖွတ်	၂၀ $^{\circ}$C	တိမ်ထူထပ်
ပြင်သစ်	ပါရီ	၂၁ $^{\circ}$C	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၁၈ $^{\circ}$C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၂၅ $^{\circ}$C	တိမ်ထူထပ်

(အင်တာနက်)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၁၈-၆-၂၀၀၈

မက္ကဆီကိုဟိုတယ်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီး မြို့တော်အရှေ့ပိုင်းရှိ ရှိုင်ရယ်ကာရေဘီယံဟိုတယ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၁ဦး ဒဏ်ရာရရှိသွားသည်။

စုံစမ်းစစ်ဆေးမှုများအရ ပေါက်ကွဲမှုမှာ ဟိုတယ်စားသောက်ခန်းအနီးရှိ မီးဖိုဆောင်မှ ဓာတ်ငွေ့ယိုစိမ့်ပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူအများစုမှာ ဟိုတယ်ဝန်ထမ်းများဖြစ်ပြီး နှစ်ဦး၏အခြေအနေမှာ စိုးရိမ်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အာဆီယံ ခရီးသွားညီလာခံ ၂၀၀၉၌ ဗီယက်နမ် လက်ခံကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ခရီးသွားညီလာခံကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက်မှ ၁၂ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် လက်ခံကျင်းပမည် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၇ခုနှစ်က ဗီယက်နမ်နိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာမှ ခရီးသွားဧည့်သည် ၄ဒသမ၂သန်း ရောက်ရှိခဲ့ပြီး ၂၀၀၈ခုနှစ်အတွင်း ၄ဒသမ၈သန်း မှ ၅သန်းအကြား ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

ဘရာဇီးမှ စားသောက်ကုန်များ အီရတ် ပို့မိုတင်သွင်းလိုဟုဆို

အီရတ်နိုင်ငံအနေဖြင့် တောင်အမေရိကတိုက်ရှိ စားသောက်ကုန်ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံမှ စားသောက်ကုန်များ ယခင်ကထက် ပိုမိုတင်သွင်းလိုကြောင်း ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့သို့ အလည်အပတ်ခရီးရောက်ရှိနေသည့် အီရတ်ကုန်သွယ်ရေးဝန်ကြီး အဗ္ဗဒူဖာလာ အယ်လ်ဆူဒါနီက ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံမှ အီရတ်နိုင်ငံသို့ ၂၀၀၈ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၆သန်း တန်ဖိုးရှိ စားသောက်ကုန်များ တင်ပို့ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်၏ခရီးစဉ် အကျိုးမရှိ အချိန်ဖြုန်းရုံသာရှိဟု ဟားမတ်စ်အုပ်စု ဝေဖန်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် အစ္စရေးနိုင်ငံနှင့် အနောက်ဘက်ကမ်းသို့လာရောက်ခြင်းမှာ အကျိုးမများ၊ အချိန်ဖြုန်းရုံသာရှိကြောင်း ပါလက်စတိုင်း ဟားမတ်စ်အုပ်စုက ဇွန် ၁၅ရက်က ဝေဖန်လိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်လာရောက်ပြီး ပါလက်စတိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပါလက်စတိုင်း ပြည်သူများအတွက် တစ်စုံတစ်ရာ ကောင်းကျိုးချမ်းသာ ရရှိလာမည်မဟုတ်ကြောင်း ဟားမတ်စ်အုပ်စု ပြောရေးဆိုခွင့်ရှိသူ ပေါ်ဇီကာဟွန်းက ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရိုက်စ် ဤဒေသသို့လာခြင်းမှာ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်အား ဖိအားပေးရန်နှင့် ပါလက်စတိုင်း တွေ့ဆုံဆွေးနွေးရေး စတင်ရန်ကြိုးပမ်းမှုကို ဖျက်ဆီးရန်ဖြစ်ကြောင်း ၎င်းက စွပ်စွဲလိုက်သည်။

ဂီနီနိုင်ငံဆိုသည်မှာ

သတင်းအက်ဆေး

ဂီနီသမ္မတနိုင်ငံသည် အာဖရိကတိုက် အနောက်ဘက် အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းခြေဒေသတွင်တည်ရှိသည်။ ဤနိုင်ငံ၌ တွင်းထွက်သယံဇာတပေါကြွယ်ဝသည့်အတွက် အာဖရိကတိုက်တွင်း အချမ်းသာဆုံးနိုင်ငံများစာရင်း၌ ဝင်နိုင်သော်လည်း ယခုအခါ ပြည်သူများမှာ အာဖရိကတိုက် အနောက်ဘက်ပိုင်း အဆင်းရဲဆုံး ပြည်သူများတွင် ပါဝင်နေကြရသည်။

တံတိုင်းသဖွယ်

လွတ်လပ်ရေးရပြီးကတည်းက အတင်းအဓမ္မခေါင်းဆောင်များ အုပ်ချုပ်လာသည့်အတွက် အိမ်နီးချင်း လိုက်ဘေးရီးယား၊ ဆီရာလီယွန်နှင့် အိုင်ဗရီကို့စ်နိုင်ငံများအတွင်း မတည်မငြိမ်ဖြစ်ပွားမှုကို ဆန့်ကျင်ရန် အကာအကွယ်တံတိုင်းသဖွယ် မြင်ရသည်။

တွန်းလှန်

သို့သော် ထိုပဋိပက္ခများတွင်လည်း ပါဝင်ပတ်သက်ပြီး ဒေသတွင်းရှုပ်ပျက်ဆင်းပျက် ဖြစ်စေသည်။ ၁၈၉၁ ခုနှစ်တွင် ပြင်သစ်၊ ဆီနီဂေါနိုင်ငံမှ ခွဲထုတ်ပြီး ဂီနီနိုင်ငံကို ပြင်သစ်ကိုလိုနီအဖြစ် ကြေညာသည်။ ၁၈၉၈ခုနှစ်တွင် အနာဂတ်၌ သမ္မတဖြစ်လာမည့် အာမက်ဆီကူတူရီ၏ ဘိုးဘိုးကြီးဆာမိုရီတူရီ ဦးဆောင်ပြီး ပြင်သစ်အုပ်ချုပ်မှုကို တွန်းလှန်ခဲ့သည်။

၁၉၀၆ခုနှစ်တွင် ဂီနီသည် ပြင်သစ် အနောက်အာဖရိက ဖက်ဒရေးရှင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ၁၉၅၂ခုနှစ်တွင် အာမက်ဆီကူတူရီသည် ဂီနီ ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးချုပ် ဖြစ်လာခဲ့သည်။

လွတ်လပ်ရေးရ

၁၉၅၈ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည်။ အာမက်ဆီကူတူရီသမ္မတဖြစ်လာသည်။ ၁၉၆၅ခုနှစ်တွင် သူ့ကို ရာထူးမှဖယ်ရှားရန် ကြံစည်သည်ဟု စွပ်စွဲပြီး သမ္မတဆီကူတူရီက ပြင်သစ်နှင့် အဆက်ဖြတ်သည်။

၁၉၈၄ခုနှစ် မတ်လတွင် ဆီကူတူရီကွယ်လွန်သည့် ထိုနှစ်ဧပြီလတွင် လန်ဆာနာကွန်တီနှင့် ဒိုင်ယာနာထရာအိုးတို့က သွေးထွက်သံယိုမရှိ အာဏာသိမ်းသည်။ ကွန်တီသမ္မတဖြစ်လာပြီး ထရာအိုးက ဝန်ကြီးချုပ်ဖြစ်သည်။

၁၉၈၅ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ ပညာရေးဝန်ကြီးရာထူးသို့ ချလိုက်ပြီးနောက် ထရာအိုးက အာဏာသိမ်းရန် ကြိုးပမ်းသည်။

ရွေးချယ်

၁၉၉၀ပြည့်နှစ် ပြည်သူ့ဆန္ဒခံယူပွဲတွင် အရပ်သားအစိုးရတက်ရေး လမ်းဖွင့်ပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသည်။ ၁၉၉၃ခုနှစ် ပထမဆုံး ပါတီစုံရွေးချယ်ပွဲတွင် ကွန်တီသည် ဒုတိယအကြိမ်နှင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် တတိယအကြိမ် သမ္မတအဖြစ်ပြန်လည်ရွေးချယ်ခံရသည်။

၂၀၀၅ခုနှစ် ဇူလိုင်တွင် အဓိကအတိုက်အခံပါတီဖြစ်သည့် ဂီနီပြည်သူ့အဖွဲ့ခေါင်းဆောင် အယ်ဖာကွန်ဒီ ပြင်သစ်၌ထွက်ပြေးနေရာမှ ပြန်ရောက်လာသည်။ ထောက်ခံသူ ပြည်သူထောင်ပေါင်းများစွာတို့က ကြိုဆိုသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် အလုပ်သမားသမဂ္ဂများနှင့် အတိုက်အခံတို့က အထွေထွေသပိတ်မှောက်သည်။ အဓိကရုဏ်းတွင် လူသုံး၊ လေးဦးသေဆုံးသည်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် သမ္မတကွန်တီက အရေးပေါ်အခြေအနေ ကြေညာသည်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် သပိတ်မှောက်မှု အဆုံးသတ်ရေး သဘောတူညီချက်အရ သမ္မတကွန်တီက လန်ဆာနာဘူယိတ်အား ဝန်ကြီးချုပ် ခန့်လိုက်သည်။

ပုန်ကန်မှုဖြစ်ပွား

၂၀၀၇ခုနှစ် မေလတွင် စစ်သားများက လစာတိုးတောင်းစဉ်တွင် အကြမ်းဖက်ကန့်ကွက်မှုများ ဖြစ်ပွားသည်။ ၂၀၀၈ ခုနှစ် မေလတွင် သမ္မတကွန်တီက ဝန်ကြီးချုပ် လန်ဆာနာဘူယိတ်အား ရာထူးမှဖယ်ရှားပြီး ဝန်ကြီးချုပ်ဟောင်း အာမက်ရေးအား ဝန်ကြီးချုပ်ရာထူး ပြန်ခန့်သည်။ စစ်သားများ၏ တပ်တွင်း ပုန်ကန်မှု ဖြစ်ပွားသည်။

စွန့်လွှတ်

ဂီနီနိုင်ငံသည် ၁၉၅၈ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် ပြင်သစ်နှင့် အဆက်ဖြတ်ကာ ဆိုဗီယက်ပြည်ထောင်စုနှင့် ဆက်သွယ်သည်။ ပထမသမ္မတ အာမက်တူရီသည် တော်လှန်သော ဆိုရှယ်လစ်အစီအစဉ်ကိုချမှတ်ပြီး နိုင်ငံရေးအတိုက်အခံများကို ချေမှုန်းသည်။ ၂၆နှစ်ကြာ အုပ်စိုးမှုအတွင်း ထောင်ပေါင်းများစွာသော ပြည်သူတို့ ပျောက်ဆုံး၊ ညှဉ်းပန်း ကွပ်မျက်ခံရသည်။ ၁၉၈၄ ခုနှစ်တွင် သူကွယ်လွန်ပြီးမှသာ ဆိုရှယ်လစ်အတွေ့အကြုံကို ဤနိုင်ငံက စွန့်လွှတ်သည်။ သို့သော် ဆင်းရဲမွဲတေမှုကိုမူ တိုက်ဖျက် မပစ်နိုင်ခဲ့ပေ။

၂၀၀၀ ပြည့်နှစ်တွင် ဆီရာလီယွန်နှင့် လိုက်ဘေးရီးယား၌ တိုက်ပွဲများဖြစ်၍ ဂီနီသမ္မတနိုင်ငံသို့ ထွက်ပြေးခိုလှုံလာသည်။ ဒုက္ခသည်များကြောင့် ဤနိုင်ငံသည် ပိုမိုဝန်ပိလာသည်။ အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန် စွပ်စွဲကာ ဆက်ဆံရေးတင်းမာသည်။ သယံဇာတကြွယ်ဝသလောက် ရှေ့သို့ ခရီးမရောက်ဘဲ ဂီနီပြည်သူများမှာ ဆင်းရဲတွင်း နက်နေကြရခြင်းဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဘဝဒဿနအမြင်

* *Silence is the best arrangement of a woman.*

ဆိတ်ဆိတ်နေခြင်းသည် မိန်းမတစ်ယောက်အတွက် အကောင်းဆုံး အဆင်တန်ဆာဖြစ်သည်။ **ဂျိုးဇက်ပရက်စလေ**

(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်)

* *Labour is the great producer of wealth, it moves other causes.*

အလုပ်သည် ဥစ္စာနေထုတ်လုပ်ပေးသူကြီးဖြစ်ပြီး အခြားအကျိုးဆက်များကိုပါ ဖြစ်ထွန်းစေသည်။ **ဒင်နီယယ်လ်ဝက်ဘ်စတား**

(အမေရိကန်လူမျိုးအတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

ဟုတ်ကဲ့ဆရာ....

အမျိုးသမီးတစ်ဦးသည် ကျန်းမာရေးမကောင်းသော သူမ၏ခင်ပွန်းအား ဆေးခန်းသို့ လိုက်ပြပေးလေသည်။ ခင်ပွန်းအား ဆေးစစ်မှုများပြုလုပ်ပြီးနောက် ဆရာဝန်က သူ၏ရုံးခန်းအတွင်းသို့ သူမအားခေါ်ကာ ခင်ပွန်းသည်အတွက် တီးတိုးမှာကြားလေသည်။

ဆရာဝန် ။ ။ မင်းရဲခင်ပွန်းဟာ စိတ်ဖိစီးပြီး စိတ်ကစဉ့်ကလျားရောဂါ ပြင်းပြင်းထန်ထန် ဖြစ်နေတယ်။ တကယ်လို့သာ ငါ့ရဲ့ညွှန်ကြားချက်ကို ဂရုတစိုက် မလိုက်နာဘူးဆိုရင် မင်းရဲ့ခင်ပွန်းဟာ ကျိန်းသေပေါက် သေမှာပဲ။

အမျိုးသမီး ။ ။ ဟုတ်ကဲ့ဆရာ။

ဆရာဝန် ။ ။ နံနက်တိုင်း သူ့ကို ကျန်းမာရေးဓာတ်စာကျွေးရမယ်။ အချိန်တိုင်း သူ့ကို စိတ်ချမ်းသာအောင်ထားရမယ်။ ညစာကို သူ့အတွက် ကောင်းကောင်းပြင်ဆင် ချက်ပြုတ် ကျွေးမွေးရမယ်။

အမျိုးသမီး ။ ။ ဟုတ်ကဲ့ဆရာ။

ဆရာဝန် ။ ။ ဝေယျာဝစ္စတွေနဲ့ သူ့ကို ဝန်မပိစေနဲ့။ ပြဿနာတွေကိုလည်း သူနဲ့ မဆွေးနွေးလေနဲ့။ ဆွေးနွေးရင် သူ့အခြေအနေ ပိုဆိုးလာလိမ့်မယ်။ သူ့ကို နားပူနားဆာ မလုပ်နဲ့။ အရေးကြီးဆုံးကတော့ သူ့ကိုအမြဲတမ်း ချစ်ချစ်ခင်ခင် နေဖို့ပဲ။ အဲဒီလိုသာ မင်းလိုက်နာခဲ့မယ်ဆိုရင် တစ်နှစ်အတွင်း မင်းခင်ပွန်းရဲ့ကျန်းမာရေးဟာ လုံးလုံး ပြန်ကောင်းလာလိမ့်မယ်။

အမျိုးသမီး ။ ။ ဟုတ်ကဲ့ဆရာ။

အိမ်အပြန်လမ်းတွင် ခင်ပွန်းဖြစ်သူက ဇနီးသည်အား ဤသို့မေးလေသည်။

ခင်ပွန်း ။ ။ ဆရာဝန်က မင်းကို ဘာတွေပြောလိုက်သလဲ။

အမျိုးသမီး ။ ။ ရှင် မကြာခင် သေရတော့မယ်လို့ ပြောလိုက်တယ်။

ခင်ပွန်း ။ ။ "ဘာ"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ကမ္ဘာ့ အရှည်ဆုံး ပီဇာမုန့်တန်း

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ဇွန်၁၇ရက်က ကမ္ဘာ့အရှည်ဆုံး ပီဇာ မုန့်တန်းကြီး (ဓါတ်ပုံ) ပြုလုပ်လျက်ကမ္ဘာ့မှတ်တမ်းဝင်ရန် ကြိုးစားခဲ့ကြသည်။ (ယင်း ပီဇာ မုန့်တန်း၏ အရှည်မှာ ၂၂၁မီတာ ရှည်လျားသည်။)

(အင်တာနက်)

ကမ္ဘာ့အမြင့်ဆုံး စက်ဘီးစီးသူ

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇွန် ၁၆ရက်က ဘီအမ်အိတ်ဇ် စက်ဘီးစီးချန်ပီယံ ကီဗင်ရိုဗင်ဆင်က မြေပြင်အထက် ၅၄ပေ အမြင့်သို့ စက်ဘီးဖြင့် ခုန်ပျံစီးပြနေစဉ်။ (အပေါ်ပုံ)

(ယင်းအမြင့်မှာ ခြောက်ထပ်အဆောက်အအုံတစ်လုံး၏ အမြင့်နှင့်ညီမျှပြီး ကမ္ဘာ့စံချိန်တင်နိုင်သည်ဟု ဆိုသည်။)

(အင်တာနက်)

မြန်မာ့အလင်း မိုးလေဝသသတင်း

ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် နေရာအနှံ့ မိုးရွာနိုင်

သန်းသန်းနု ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၁၈

မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်ရာ ဇွန် ၁၈ ရက်က ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။



ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော်	၁ ဒသမ ၇၇ လက်မ
စစ်တွေ	၃ ဒသမ ၅၄ လက်မ
မချမ်းဘော	၂ ဒသမ ၈၄ လက်မ
ကျောက်ဖြူ	၂ ဒသမ ၅၂ လက်မ
ပူတာအို	၂ ဒသမ ၄၀ လက်မ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားကောင်း နေမည်ဖြစ်သည်။

ဇွန် ၁၉ရက် **(ယနေ့)** မိုးလေဝသခန့်မှန်းချက်အနေဖြင့် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ရန်ကုန်တိုင်း၊ဧရာဝတီတိုင်းနှင့် တနင်္သာရီ တိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

လှိုင်းအသင့်အတင့်

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ မိုင် ၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအသင့်အတင့်ရှိမည်။

ဇွန် ၁၉ရက် **(ယနေ့)** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာနိုင်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်လည်း မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်ဟု ခန့်မှန်းထားသည်။

ကပ္ပလီ ပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေပြီး ဘင်္ဂလားပင်လယ် အော်၌ မုတ်သုံလေ အားကောင်းနေမည်။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော်များကပ်လှူရန် ကိုးလက်မပတ်လည် တစ်ကျပ်သား ရွှေပြားတစ်ချပ်အတွက် အလှူတော်ငွေကျပ် ၅၄၀၀၀၀ကို ညီမဖြစ်သူ မခင်သီတာဦး သုံးလပြည့်ရည်စူး၍ ဇွန်၁၈ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်း အမှတ် ၁၉၀ (ပထမထပ်)နေ ဦးမောင်မောင်ဦး - ဒေါ်ခင်ရတနာဦး၊ သားမောင်ထက်အောင်၊ မောင်ခန့်ဇော် မိသားစုတို့က အလှည့်ကျဂေါပက အဖွဲ့ဝင် ဦးလှထွန်းထံ လာရောက်လှူဒါန်းစဉ်။ (က-ပ)

လေဘေးသင့်ဒေသမှ ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသားများအတွက် ကျောင်းဝတ်စုံများလှူဒါန်း

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ လေဘေးသင့်ဒေသများမှ ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ လုံချည်အစိမ်း အထည်၂၀၀ကို ဇွန် ၁၁ရက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဝေဒီဖိနပ်စတိုးနှင့် Lily Shoe Collection မိသားစုတို့ကိုယ်စား Lily Shoe Collection နာယက ဒေါ်ခင်တင့်က ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့အတူ အဆိုပါ မိသားစုက ဇွန် ၇ရက်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာမှ လေဘေးသင့်သူများအတွက် မိုးရေကာဖျင်ကိုက်၅၀၀ကိုလည်းကောင်း၊ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကုလားမကျေးရွာ၊ ကျုံမငဲ့ကျေးရွာ၊ သမဲ့ကျေးရွာနှင့် ကျုံလတာကျေးရွာများသို့ ငွေကျပ် သိန်း၂၀တန်ဖိုးရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်အမျိုးမျိုး၊ သင်္ကန်းနှင့် မိုးရေကာဖျင်များကိုလည်းကောင်း၊ ကျုံမငဲ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ယာယီကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားနိုင်ရန် လိုအပ်သော မိုးရေကာဖျင် ကိုက်၂၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့အလင်း အင်တာနက်သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ရေကြီး ၃၀ သေဆုံး၊ အများအပြား အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရ

ဂူဝါဟာတီ(အိန္ဒိယ) ဇွန် ၁၈

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း၌ မုတ်သုံမိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရာထောင်ချီသောကျေးရွာသားများ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ အနည်းဆုံး ၃၀သေဆုံးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဇွန်၁၈ရက်တွင် ပြောကြားသည်။

အိန္ဒိယအရှေ့မြောက်ပိုင်း၌ မုတ်သုံမိုး အနည်းဆုံးနှစ်ပတ်စော၍ ဝင်ရောက်ခဲ့ကြောင်း၊ ယင်းမုတ်သုံမိုးကြောင့် အက်ဆမ်ပြည်နယ် အရှေ့မြောက်ပိုင်း၌ ရေကြီးမှုဖြစ်ပေါ်ခဲ့ရာ **(အောက်ပုံ)**လူပေါင်း ၃၀၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ သေဆုံးသူများမှာ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြေပြိုမှု၊ ရေကြီးမှုနှင့် အဆောက်အအုံပြိုကျမှုများကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆက်လက် ပြောကြားသည်။

ဂျပန်၌လှုပ်ခဲ့သောငလျင်ကြောင့် ကျောင်း၂၂ကျောင်းပျက်စီးခဲ့ရ

တိုကျို ဇွန် ၁၈

ဂျပန်နိုင်ငံ၌ ဇွန်၁၄ရက်ကလှုပ်ခဲ့သော ငလျင်ကြောင့် အီဝါတေးနှင့် မီယာဂီခရိုင်တို့၌ ကျောင်းပေါင်း၂၂ကျောင်း ဆိုးရွားစွာ ပျက်စီးသွားကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အီဝါတေးခရိုင်၌ ကျောင်းပေါင်း ၁၄ ကျောင်း၏ မျက်နှာကြက်နှင့် နံရံများပြိုကျပြီး မီယာဂီခရိုင်တွင်လည်း အလားတူ ကျောင်းရှစ်ကျောင်း ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာ အစိုးရ၏ ပြောကြားချက်ကို ကိုးကား၍ကျိုဒိုသတင်းဌာနကဖော်ပြသည်။

အမေရိကန်၌ မစ္စစ္စပီမြစ်ရေကြီး လူဒါဇင်အချို့ ကယ်တင်ပေးခဲ့ရ

မစ္စစ္စပီ ဇွန် ၁၈

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း၌ ဇွန် ၁၈ရက်က မစ္စစ္စပီမြစ်ရေလျှံမှုကြောင့် အိုင်အိုဝါနှင့် အီလီနွိုက်စ်မြို့ နှစ်မြို့အကြား ဆက်သွယ်ထားသော တံတားနှစ်စင်းကျိုးကျသွားသဖြင့် သောင်တင်ပိတ်မိနေသော လူဒါဇင်အချို့အား ရဟတ်ယာဉ်များ၊ ကယ်ဆယ်ရေးလှေငယ်များဖြင့် ကယ်တင်ပေးခဲ့ရကြောင်း ဒေသတာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

မြစ်ရေကြီးမှုကြောင့် အဆိုပါဒေသ အဝေးပြေးလမ်းမကြီးများပေါ်တွင် မြစ်ရေများ တက်လျက်ရှိပြီး လာမည့် ၁၅ နာရီမှ နာရီ၂၀အတွင်း မြစ်ရေများ ၁၀ပေအထိ မြင့်တက်လာနိုင်ကြောင်း ပြည်နယ်မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

တရုတ် ရှန်စီပြည်နယ်၌ ငလျင်ထပ်မံလှုပ် နှစ်ဦးသေဆုံး၊ နေအိမ်များပြိုကျ

ရှီအန်း ဇွန် ၁၈

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်၌ ဇွန် ၁၇ရက်က အင်အား ၄ဒသမ၅ရှိ ငလျင်လှုပ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက အတည်ပြု ပြောကြားသည်။

ယင်းငလျင်သည် ဒေသစံတော်ချိန် ည ၁နာရီ ၅၁မိနစ်တွင် နန်ကျင်းမြို့အနီး ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ်များလည်း ပြိုကျခဲ့ကြောင်း ငလျင်ဘေးအန္တရာယ်ကယ်ဆယ်ရေးရုံးက ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

အဆိုပါ ငလျင်သည် မေ ၁၂ရက်က စီချွမ်ပြည်နယ်၌ လှုပ်ခဲ့သော ငလျင်ပြီးနောက် နောက်ထပ်လှုပ်ခဲ့သည့် ငလျင်ဖြစ်သည်။ စီချွမ်ပြည်နယ်၌ လှုပ်သော ငလျင်ကြောင့် လူပေါင်း ၆၉၁၇၂ဦး သေဆုံးပြီး ၁၇၄၂၀ ပျောက်ဆုံးနေဆဲဖြစ်သည်။

စုစည်းတင်ပြသူ - မြင့်မောင်စိုး

19-6 (06).pmd 1 6/19/2008, 2:03 AM

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ

ကွမ်းခြံကုန်းမြို့နယ် ရပ်ကွက်၊ ကျေးရွာ တာဝန်ရှိသူများနှင့်တွေ့ဆုံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ရေး ဆွေးနွေး

ရန်ကုန် ဇွန် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ကွမ်းခြံကုန်းမြို့ရှိဇာတိမာန်ခန်းမ၌ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဖြူးထားရှိမှု အခြေအနေနှင့် ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို အသေးစိတ်ညှိနှိုင်းသည်။

ထို့နောက် ဝန်ကြီးသည် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ပေးသည့် စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု တာဝန်ခံများထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးသန်းနိုင်ဦး၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝန်ကြီးသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ကွမ်းခြံကုန်းမြို့ရှိ ဇာတိမာန်ခန်းမ၌ မြို့နယ်အတွင်းရှိ ရေလုပ်သားများနှင့်တွေ့ဆုံကာ ရေလုပ်ငန်း ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် ငါးဖမ်းပိုက်များနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ကာ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၈

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ဂျာမနီနိုင်ငံရှိ MALTESER မှ လှူဒါန်းသော အရေးပေါ်မိသားစုသုံး ပစ္စည်း ၂၀၅၂ ပါကင် စုစုပေါင်း ၂၃ ဒသမ ၂၄၂ တန်သည် AN-12 လေယာဉ်နှစ်စင်းဖြင့် ယမန်နေ့နံနက် ၇နာရီ၄၅မိနစ်နှင့် မွန်းလွဲ ၁ နာရီ ၁၈ မိနစ်တို့တွင်လည်းကောင်း၊ထိုင်းနိုင်ငံအခြေစိုက်ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ လှူဒါန်းသော တာပေါ်လင်အထုပ် ၁၀၀၀၊ ပလတ်စတစ်စပါကင် ၁၀၀၊ ချိုင်းထောက် ၂၄ပါကင်၊ ပလတ်စတစ် ရေပုံး ၂၅၀၀၊ လက်သမားသုံး ပစ္စည်းပါကင်၂၁၀စုစုပေါင်းတန်ချိန် ၇၀သည် IL-76 လေယာဉ်သုံးစင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် နံနက် ၉နာရီ ၁မိနစ်၊ နံနက် ၁၁နာရီ မိနစ် ၄၀၊ မွန်းလွဲ ၁၂နာရီ ၂၆မိနစ်နှင့် ညနေ ၅နာရီ ၁၈ မိနစ်တို့တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော မိုးကာတဲကြီး သုံးလုံး၊ ရေသန့်ဘူး ပါကင် ၂၂၀၊ တာပေါ်လင် ၂၉၃ထုပ် စုစုပေါင်း ၁၇ ဒသမ ၉၁ တန်သည် C-130 လေယာဉ်နှစ်စင်းတို့ဖြင့် နံနက် ၉နာရီ ၆မိနစ်နှင့် နံနက် ၉နာရီ မိနစ် ၅၀တို့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ အစိုးရနှင့် ပြည်သူများမှ လှူဒါန်းသော အစားအသောက်မျိုးစုံ၂၁၆၈ပါကင်၊ အဝတ်အထည် ၁၉၁ ပါကင်၊ ရေသန့်ဘူး ၆၇၈ ပါကင် စုစုပေါင်း ၁၆ ဒသမ ၆၀၄တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက် ၁၁ နာရီ မိနစ်၂၀ နှင့် ညနေ ၄နာရီ ၂၈မိနစ်တို့တွင် လည်းကောင်းရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

အလားတူ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP)မှ လှူဒါန်းသောဘီစကွတ် ၁၂၇၆ ပါကင်၊ ပလတ်စတစ်စ ၃၃၆ ပါကင်၊ပလတ်စတစ်လိပ် ၁၀ပါကင်၊ ရေတိုင်ကီ ၁၀ လုံး၊ ဆောက်လုပ်ရေး ပစ္စည်း လေးပါကင် စုစုပေါင်း ၂၅ တန်သည် IL-76 လေယာဉ်ဖြင့် ဇွန် ၁၆ ရက် ညနေ ၄ နာရီ ၄၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။ **(သတင်းစဉ်)**

မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲ

ရန်ကုန် ဇွန် ၁၈

မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် အောင်စည်းစိမ် ကျောက်မျက်ကုမ္ပဏီတို့ ပူးပေါင်းမှုဖြင့် ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲကို ဇွန်၁၆ရက်က အထက(၁) မရမ်းကုန်း စန္ဒိမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ် ဥက္ကဋ္ဌ ဦးတင်အုန်းကအမှာစကားပြောကြားပြီး မင်္ဂလာဗျူဟာအသင်းချုပ် အမှုဆောင်ဆရာကြီး ဦးအုန်းမြင့်၊အမျိုးသားစာပေဆုရဆရာကြီး မင်းယုဝေနှင့် စာရေးဆရာ ချစ်ဦးညိုတို့က ဟောပြောကြသည်။ အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာဦးအောင်ကြီးကဘုရင့်နောင် မဂ္ဂဇင်း ထုတ်ဝေရေးအတွက် အလှူငွေကျပ်တစ်သိန်းနှင့် ကျောင်းရန်ပုံငွေအတွက် ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)**

(က-ပ)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီရိရပ် အမှတ် ၇၂၇ နေ ဦးပိတ်စိန်-ဒေါ်ဆက်ညွန့်နှင့် သားသမီး၊ မြေးများ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတု ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တီ=နိ(ရန်ကုန်ဌာန) တွဲဖက်ဘဏ္ဍာတော်ငွေထိန်း ဦးမောင်မောင်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အလိုတော်ပြည့်ဆရာတော် ဝိဇာတမွေးနေ့ မင်္ဂလာကျင်းပ

ရန်ကုန် ဇွန် ၁၈

ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေနှင့် နယ်စပ်ဒေသများ၊ သာသနာပြုနှင့် ပရဟိတလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တော်မူနေသည့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်၏ သက်တော် ၆၄ နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို ဇွန် ၁၈ ရက်က ရခိုင်ပြည်နယ်စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်တွင် ကျင်းပသည်။

အလိုတော်ပြည့် ဆရာတော်သည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဇာတိဖြစ်ကာ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ မဟာအောင်မြေရတနာ စာသင်တိုက်နှင့် ပုဂံညောင်ဦးမြို့ အောင်မြေဗောဓိဓမ္မရိပ်သာ၊ ရန်ကုန်မြို့ ဓမ္မာစရိယ တက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေများ သင်ကြားပို့ချခြင်း၊ ကျောက်ပန်းတောင်းမြို့ တောင်နီဓမ္မရိပ်သာ၊ သဃ်္ဃန်းကျွန်းမြို့နယ် အောင်မြေရတနာစာသင်တိုက်၊ မိတ္ထီလာမြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့၊ ရသေ့တောင်မြို့၊ ဘူးသီးတောင်မြို့၊ မောင်တောမြို့၊ မြောက်ဦးမြို့၊ စစ်တွေမြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့)၊ တာမွေမြို့နယ်တို့တွင် အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်ကြီးများ တည်ဆောက်ခဲ့ခြင်းမှ သံဃာအပါး ၂၀၀၀ ကျော် နှစ်စဉ် စာပေပို့ချ သင်ကြားနိုင်ခဲ့ခြင်း၊ ၁၃၅၄ ခုနှစ်တွင် ပုဂံအလိုတော်ပြည့်ဘုရားကို ဖော်ထုတ်ပြုပြင်၍ ရွှေထီးတော်တင်လှူခဲ့ခြင်း၊ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၌ ဗောဓိသုခပရဟိတကျောင်းနှင့်တိလောကဝိဇယသယမ္ဘူစေတီ၊ တြိပူရပြည်နယ် ဆားပြင်ခရိုင်၌ ဓမ္မရာဇိကစေတီ၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တယ်လ်ဆိုဘရန်တီမြို့၌ အလိုတော်ပြည့် ဓမ္မရိပ်သာနှင့် ကြေးစေတီတော်တည်ထားခြင်း၊ ရသေ့တောင်မြို့နယ် မူစဲကျွန်း၌ သမိုင်းဝင်ဗုဒ္ဓခြေတော်ရာအား ဂန္ဓကုဋိတိုက်နှင့် ရွှေထီးတော်ကြေးပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း၊ အထက်တန်းကျောင်း တစ်ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊ ပုဂံရှေးဟောင်းသမိုင်းဝင် ဘုရားများအားပြုပြင်ခြင်း၊ ရွှေထီးတော်တင်လှူခြင်း၊ ရခိုင်ပြည်နယ် မြောက်ဦး မြို့နယ် ရှေးဟောင်းသမိုင်းဝင်ဘုရားများအား ပြုပြင်၍ ရွှေထီးတော် တင်လှူခြင်း၊ သံတွဲမြို့ တမတသုခ မဒေးတောင်၌ တိလောကသယမ္ဘူ မြတ်စွာဘုရားရုပ်တော်မှုပုံစံကိုအတွင်းပိုင်း၌စာကြည့်တိုက်၊ ဗုဒ္ဓဝင်ပြခန်းများ စုံလင်စွာဖြင့် ထည့်သွင်း၍ တည်ထားပူဇော်ခြင်း၊ နှစ်စဉ်မြန်မာပြည်အရပ်ရပ်နှင့် ပြည်ပရှိ အလိုတော်ပြည့် ဓမ္မရိပ်သာများသို့ ဆရာတော်ကိုယ်တိုင် ကြွရောက်၍ တရားစခန်းများ ဖွင့်လှစ်ဟောကြားတရားပြသခြင်း၊ မိဘမဲ့ကလေးများအား လက်ခံ၍ ကျွေးမွေးပြုစုကာ ပရဟိတကျောင်းများဖွင့်လှစ်၍စာသင်ကြားပေးခြင်းစသည့် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်တော်မူလျက် ရှိကြောင်း သိရသည်။ (က-ပ)

Zydus Cadila Healthcare မှ မုန်တိုင်းသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ ကို ဇွန် ၁၂ရက်က မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၁၈

လားရှိုးမြို့ အမှတ်(၁)ရဲစခန်းဝင်း အတွင်းရှိ ရဲသူရိန်ခန်းမ၌ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရဲတပ်ဖွဲ့ရှိ ပြည်နယ်ရုံး၊ လားရှိုးခရိုင်ရုံး၊ လားရှိုးမြို့နယ်ရုံး၊ ယာဉ်ထိန်း၊ အမှတ် ၁/၂ ရဲစခန်းတို့ရှိတပ်ဖွဲ့ဝင်မိသားစုများ၏သား၊သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက် နံနက်က ကျင်းပရာ တက္ကသိုလ်အဆင့်တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့်၂၀ဦးတို့အားလည်းကောင်း၊ အထက်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ်၆၀၀၀နှုန်း ကျောင်းသုံးဗလာစာအုပ်၁၂အုပ်စီတို့ကို ကျောင်းသား ကျောင်းသူ၄၈ဦးတို့အားလည်းကောင်း၊အလယ်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ်၅၀၀၀နှုန်း၊ ကျောင်းသုံးဗလာစာအုပ် ခြောက်အုပ်စီတို့ကို ကျောင်းသား ကျောင်းသူ၅၆ဦးတို့အားလည်းကောင်း၊မူလတန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၄၀၀၀နှုန်း၊ကျောင်းသုံးဗလာစာအုပ် ခြောက်အုပ်စီတို့ကို ကျောင်းသား ကျောင်းသူ ၁၀၄ ဦးတို့အားလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်သည်။ **(ပြည်နယ်ပြန်/ဆက်)**

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်(ရေ)မှ ဆက်လက်ပါဝင်

နေပြည်တော် ဇွန် ၁၈

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်က လပွတ္တာမြို့ အခြေပြု စစ်ရေယာဉ် ခြောက်စင်းသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အရာရှိစစ်သည်များ၊လေဘေးသင့်ပြည်သူ ၆၇၇ဦး၊ တိ/မွေးကုဝန်ထမ်းလေးဦး၊ မြေတိုင်းဦးစီးဌာန ဝန်ထမ်းနှစ်ဦး၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်း နှစ်ဦး၊ လူသုံးကုန်ပစ္စည်း ၆ ဒသမ ၇၅ တန်၊ စားသောက်ကုန်ပစ္စည်း ၀ ဒသမ ၅ တန်၊ဆောက်လုပ်ရေးပစ္စည်းတစ်တန်၊ စုစုပေါင်း ၈ ဒသမ ၂၅ တန် တင်ဆောင်၍ ပြင်စလူ၊ ဇင်ရဲ၊ စလူဆိပ်၊ လွှစာ ကျေးရွာများသို့ သယ်ယူပို့ဆောင်ပေးခဲ့ပြီး တပ်မတော်(ရေ) စစ်ရေယာဉ်များ အနေဖြင့် ယမန်နေ့အထိ ကုန်ပစ္စည်း ၂၁၄၄ဒသမ၅၈၃ တန်သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကာ နယ်မြေလုံခြုံရေးတာဝန်များကိုလည်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဟိုင်းကြီးကျွန်းဒေသရှိ အရာရှိ၊ စစ်သည်များသည် ကျောက်ကလပ်၊ ဒီဒူးကုန်း၊ ချောင်းဝ၊ ပြင်ခရိုင်၊ သက္ကယ်သောင်၊ အောက်ပြွန်ဝ၊ မြို့သစ်၊မောင်ပါကျေးရွာများပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရပ်ရွာသန့်ရှင်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စုမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်စဉ်။ (နယ်စပ်/စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများ၌ ပြန်လည်အခြေချနေထိုင်ကြသော ကျေးလက်ပြည်သူများ လယ်ယာစိုက်ပျိုးရေးနှင့်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေပြီ

ရန်ကုန် ဇွန် ၁၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၁၆ရက် နံနက် ၇နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့် ကျေးရွာအုပ်စု ၁၆ခုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြေပြင်ကွင်းဆင်းဆောင်ရွက်ရန် ထွက်ခွာမည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများ ဦးဆောင်သည့် သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပါဝင်ဖွဲ့စည်းထားသော ကွင်းဆင်းအဖွဲ့ ခုနစ်ဖွဲ့တို့နှင့် တွေ့ဆုံ၍ လေဘေးသင့်ကျေးရွာများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ထိထိရောက်ရောက် မှန်ကန်မြန်ဆန်စွာ တိုးတက်လာစေရေးအတွက် စေတနာအပြည့်ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည့် အုပ်ချုပ်မှုအထောက်အပံ့များကို ဖြည့်ဆည်းပေးသည်။

ကူညီဆောင်ရွက်

အဆိုပါအဖွဲ့များသည် ကျေးရွာပြန်လည်ထူထောင်ရေး၊ မျိုးစပါး အချိန်မီရရှိရေး၊ လယ်ယာမြေများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ ရေလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးနှင့် ကျေးရွာများ၏ အထွေထွေ လိုအပ်ချက်များ အနီးကပ်ကြီးကြပ်၍ ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည်ဇွန်၁၆ရက် နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးသန်းရှိန်နှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန် ဒေါက်တာဖြိုးဆွေဝင်းတင် ဦးဆောင်သော ဆရာဝန်များနှင့် သူနာပြုဆရာမများ လိုက်ပါ၍ မော်လမြိုင်ကျွန်းမြို့မှ ငွေဇင်ယော်ကျေးရွာသို့ ရွှေငွေးမြင့်ရေယာဉ်ဖြင့် သွားရောက်၍ ရှောက်ချောင်းကျေးရွာအုပ်စု၊ ငွေဇင်ယော်၊ ငွေသဇင်(၁)၊ ငွေသဇင်(၂)၊ သောင်ဖုန်း၊ မြစ်တို၊ လှိုင်းဘုန်းလေးကျေးရွာများမှ လေဘေးသင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ စောင်၊ ခြင်ထောင်၊ အမျိုးသမီးဝတ်လုံချည်၊အဝတ်အထည်များ၊ပေါက်ပြား၊ စတီးပန်းကန်နှင့်လွှစသည့် လူသုံးကုန်ပစ္စည်းများ၊ ငွေဇင်ယော်ကျေးရွာမှ တောင်သူများအတွက် လက်တွန်း လယ်ထွန်စက် ၁၂စီးနှင့် မျိုးစပါး ၂၄၉၆တင်းတို့ကို ထောက်ပံ့ ပေးအပ်သည်။

ဆေးဝါးကုသ

အဆိုပါကျေးရွာများရှိ မကျန်းမာသူများအား ဆရာဝန်များ၊ သူနာပြုဆရာမများက ရွှေငွေးမြင့်သဘော်ပေါ်၌ ဆေးခန်းဖွင့်လှစ်၍ ဆေးဝါးကုသပေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ငါးတန်တစ်ရာကျေးရွာသို့ မွန်းလွဲ ၁နာရီတွင်ရောက်ရှိကြပြီး ရှောက်ချောင်းကျေးရွာအုပ်စုမှ ငါးတန်တစ်ရာ၊ ရွာလယ်ချောင်း၊ ဖုန်းဆိုး၊ ပုဂံပုံ၊ မျှားတန်း၊ မြစ်တန်းကျေးရွာများရှိ လေဘေးသင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ စားသောက်ကုန်ပစ္စည်းများ၊ အသင့်ချုပ်ပြီး အမျိုးသမီးဝတ်လုံချည်၊ စောင်၊ ခြင်ထောင်၊ အဝတ်အစားများ၊ လူသုံးကုန်ပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ငါးတန်တစ်ရာကျေးရွာ မူလတန်းကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းပြီး ဆရာဝန်များ၊ သူနာပြုဆရာမများက ရွှေငွေးမြင့်ရေယာဉ်ပေါ်၌ အဆိုပါကျေးရွာအုပ်စုရှိ ကျေးရွာများမှ လူနာများအား ဆေးဝါးကုသပေးကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည်ရှောက်ချောင်းကျေးရွာအုပ်စုရှိ ကျေးရွာ ၁၂ရွာမှ ရေဘေးသင့် ပြည်သူ ၁၃၀၀ အတွက် ဆန်အိတ်၂၀၀၊စားအုန်းဆီပိဿာ ၈၀၊ ဆား၁၀အိတ်၊ စောင်အထည် ၁၀၀၊ ခြင်ထောင်အထည်၁၂၀၊ ကော်ဇော ၁၀ချပ်၊ လွလေးချောင်း၊ ပေါက်ပြား အလက်၂၀၀၊ခေါက်ဆွဲ၄၈ဖာ၊အဝတ်အထည်စုံ ၁၆အိတ်၊ အသင့်ချုပ်ပြီး အမျိုးသမီးဝတ် လုံချည်အထည် ၄၀၀၊ ကြက်ဆူဆီသုံး မီးဖိုအလုံး ၃၀၊ ချောကလက် လေးဖာ၊ စတီးပန်းကန် အချပ်၂၀၀၊ ငံပြာရည်ဘူး လေးဖာ၊ နို့မှုန့် လေးဖာ၊ ခေါက်ဆွဲအထုပ်ကြီး လေးပုံး၊ ပဲ ၁၀အိတ်၊ ငါးပိထုပ်၁၀ဖာ တို့နှင့် အမယ်စုံ ပစ္စည်းစုံအိတ်ခြောက်အိတ်တို့ကို တစ်ဦးချင်းဖြန့်ဝေပေးခဲ့သည်။

ပြန်လည်လုပ်ကိုင်

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများ၌ ပြန်လည်အခြေချနေထိုင်ကြသော ကျေးလက်ပြည်သူများသည် လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နေကြပြီး ယနေ့အထိ မိုးစပါးစိုက်ပျိုးရန် လယ် ၆၂၁၉ ဧကကို မြေပြုပြင်ထွန်ယက်ပြီး ၂၁၄၈ ဧကကို ပျိုးထောင်ပြီးစီးကာ စိုက်ပျိုးရေးအတွက် စတင် ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သန်လျင် မိုးကုတ်ရိပ်သာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ် ၂၄ သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက်ရှိ မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၆)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ခုနစ်ရက် တရားစခန်းပွဲကြီးကို နယုန်လပြည့်ကျော် ၁၃ ရက်မှ ဝါဆိုလဆန်း ၅ရက် (ဇူလိုင် ၁ရက်မှ ၇ရက်)အထိ ကျင်းပမည်ဖြစ်သည်။

နှီးဆော်

ယင်း တရားစခန်းပွဲကြီးတွင် အဖွဲ့ချုပ် ဓမ္မကထိက ဆရာကြီး ဦးဆန်းတင့်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ စခန်းဝင်လိုသူများ ဦးစိန်ရွှေ ခရမ်း ဆီဆိုင်တွင်လည်းကောင်း၊ ဖုန်း-၀၅၆-၂၁၃၈၈၊ ၂၁၄၇၈တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဒဂုံမြို့သစ်မြို့ဦးစေတီ ဘက်စုံပြုပြင်ရန်လှူဒါန်း

ရန်ကုန် ဇွန် ၁၈

ဒဂုံမြို့သစ် လေးမြို့နယ်လုံးဆိုင်ရာ ဒဂုံမြို့သစ် မြို့ဦးစေတီတော် (ပြည်ကြီးချမ်းသာ မြို့ဦးစေတီ)တွင် နယုန်လပြည့် မဟာသမယအခါတော်နေ့ နံနက် ၇နာရီခွဲက မြို့ဦးစေတီတော် မဟာသန္တိသုခဓမ္မာရုံကြီး၌ စေတီတော် ဂေါပကအဖွဲ့နှင့် မြို့နယ် ဥပဋ္ဌာကအဖွဲ့တို့မှ ဦးဆောင်ပြီး မြို့ဦးစေတီတော် ဝတ်အသင်းများမှ မဟာသမယနေ့အခါတော် မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပြီး မြို့ဦးစေတီတော် ဂေါပကအဖွဲ့ဝင် ဦးအောင်ကြိုင်၊ ဇနီး ဒေါ်သောင်းတင့်၊ သား ဒေါက်တာဆန်းတင့်အောင်၊ ဒေါက်တာငြိမ်းသူအောင်-မခင်သန်းမူ၊ မြေး ဖူးသက်ခင်၊ရွှင်ငြိမ်းသူမိသားစုတို့က လေဘေးကြောင့်ပျက်စီးသွားသော သာသနိကအဆောက်အအုံများပြန်လည်ပြုပြင်နိုင်ရန် အိမ်ထောင်သက် (၄၅)နှစ် အထိမ်းအမှတ်အဖြစ် အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို စေတီတော်ဂေါပကအဖွဲ့သို့ မတည်ငွေအဖြစ် ပေးအပ်လှူဒါန်းသည်။(အပေါ်ပုံ)

ဆက်သွယ်လှူဒါန်းနိုင်

လေဘေးကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြုပြင်ရန်အတွက် လှူဒါန်းလိုသော အလှူရှင်များသည် မြို့ဦးစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၅၈၄၀၂၇၊ ဥက္ကဋ္ဌ (မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး) ဖုန်း-၀၁-၅၈၄၁၂၂၊ ဦးသောင်းစိန်(ဥက္ကဋ္ဌ) ဂေါပကအဖွဲ့ ဖုန်း-၀၁-၅၈၀၉၄၅တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က-ပ)

စာပေဗိမာန်စာမူဆုပြိုင်ပွဲ(၂၀၀၇)အတွက် ဘာသာပြန်စာမူပြဋ္ဌာန်း

ရန်ကုန် ဇွန် ၁၈

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန် စာမူဆုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၀၇ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။ ဘာသာပြန်စာမူဆု (၂၀၀၇ခုနှစ်)အတွက် **Intellectual Property and Traditional Cultural Expressions/Folklore** ကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အရောင်းဆိုင်တွင် ကျပ်၂၀၀ (ကျပ်နှစ်ရာတိတိ)ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

(မှာယူ)

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ယင်းပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်အဖွဲ့ စာတည်းဌာနတွင် ငွေကျပ်၁၀၀ (ကျပ်တစ်ရာတိတိ)ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ကျပ်၁၅၀ (ကျပ်တစ်ရာ့ငါးဆယ်တိတိ)ကို ငွေသား သို့မဟုတ် တံဆိပ်ခေါင်းတန်ဖိုးဖြင့် ပေးပို့မှာယူနိုင်ကြောင်း သိရသည်။

(ပေးပို့)

ဘာသာပြန်စာမူ ပြဋ္ဌာန်းစာအုပ်ကို နယ်မှ ဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးနှင့် တံဆိပ်ခေါင်းဖိုး ကျပ်၁၅၀ အပါအဝင် စုစုပေါင်း ကျပ် ၃၅၀ (ကျပ်သုံးရာ့ငါးဆယ်တိတိ)ကို ငွေပို့လွှာဖြင့် အထက်ပါလိပ်စာအတိုင်း မှာယူရရှိနိုင်သည်။ ဘာသာပြန်စာမူကို ဩဂုတ် ၃၁ရက် နောက်ဆုံးထား၍ စာတည်းမှူးချုပ် စာပေဗိမာန်အဖွဲ့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဇွန် ၁၆ရက်မှ ဇူလိုင် ၂ရက်အထိ ဖွင့်လှစ်မည့် ၁၀မျိုးစုံ **Level -3** ပြေးခုန်ပစ် နည်းပြသင်တန်းကို တက်ရောက်မည့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဦးငွေးဇော်ဦး (ဦးစီးအရာရှိ၊ အား/ကာသိပ္ပံ)အား ဇွန် ၁၆ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ လိုက်ပါပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၆-၂၀၀၈ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၇:၅၅	၅။ မြန်မာစာ မြန်မာစကား
၈:၁၀	၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀	၇။ အကပဒေသာ
၈:၃၀	၈။ International News
၉:၀၀	၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။ တေးဂီတအစီအစဉ်
၄:၂၀	၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၃၅	၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၄၅	၅။ လက်ဆင့်ကမ်းပေး ဂီတတေး
၄:၅၅	၆။ တံတားအလှ ပန်းလောင်
၅:၁၀	၇။ မူဟန်သွယ်သွယ် ဆိုကြမယ်
၅:၂၀	၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀	၉။ ညနေခင်းသတင်း
၆:၃၀	၁၀။ မိုးလေဝသအခြေအနေ
၆:၃၅	၁၁။ တေးဂီတအစီအစဉ်
၆:၅၀	၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကော်ဖီချစ်သူ** အပိုင်း(၅)
၈:၀၀	၁၃။ ပြည်တွင်းသတင်း
	၁၄။ နိုင်ငံတကာသတင်းများ
	၁၅။ မိုးလေဝသအခြေအနေ
	၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၃)
	၁၇။ အစီအစဉ်ပြီး၏။

သင့်သွေးဖြင့် အသက်ကယ်ပါ

* *ရှေ့ဖုံးမှ*

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ထောက်ပံ့ရေး ပစ္စည်းများကို ပေးပို့လှူဒါန်းခဲ့ကြသည့်အတွက် ကျေးဇူးအထူးပင် တင်ရှိပါကြောင်း၊ တာချီလိတ်မြို့သည် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများသည် နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်မှုနှင့်မိမိတိုင်းပြည် ဂုဏ်သိက္ခာမြင့်မားရေးတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက်လည်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့်ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့သို့ရောက်ရှိပြီး မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ ရှေးဦးစွာ မိုင်းဖြတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထူးက မြို့နယ်အတွင်းစိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝတ်စုံများ၊ မီးသတ်တပ်ဖွဲ့ဝတ်စုံများ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

တိုးချဲ့စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသနှင့် ကိုက်ညီသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်လက်တွဲ၍ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ မိုင်းဖြတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရွှေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းဖြတ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ခွဲစိတ်ခန်းများ၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဖျာပုံနှင့်ကျိုက်လတ်မြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်ပညာသင်ကြားလျက်ရှိ

ရန်ကုန် ဇွန် ၁၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၇ရက် နံနက်စနာရီတွင် ဖျာပုံမြို့မှ မော်တော်ယာဉ်များဖြင့် ဖျာပုံမြို့နယ် အောင်သာယာကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် စစ်သည်များက သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ဦးသုန္ဒရအား ဖူးမြော်ကြည်ညိုကာ သွပ်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက်ရှိ လယ်ယာမြေများတွင် ထွန်ယက်စိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး သမိန်ထောကုန်းတန်း စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် သိမ်ကုန်း အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတို့၌ ကျောင်းဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှုနှင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုတို့ကို လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားကာ လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးသည်။ ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာသင်ကျောင်း ၂၃၆ကျောင်းနှင့် ကျိုက်လတ်မြို့နယ်တွင် ၁၉၆ကျောင်းရှိရာ ကျောင်းများအားလုံး ဖွင့်လှစ်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက်ရှိ တံတားနှင့်လမ်းများ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လက်ခံရယူ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သမိန်ထောကုန်းတန်းကျေးရွာသို့ ပြန်လည်ရောက်ရှိကြပြီး သမိန်ထောအခြေခံပညာ အထက်တန်းကျောင်းရှေ့၌ အလှူရှင် ဒေါ်သန်းသန်းလေး (CHINA AIRLINES) က ရွာတစ်ရွာလျှင် လယ်ယာသုံး စက်ငါးစီးနှုန်းဖြင့် ရွာခြောက်ရွာအတွက် စက်အစီး ၃၀နှင့် ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာသင်ကျောင်းများ တည်ဆောက်ရေးတွင် အသုံးပြုရန် အလှူငွေကျပ်သိန်း ၅၀တို့ကို လည်းကောင်း၊ အလှူရှင် ဦးတင်အေး (ဖျာပုံထိပ်တန်းစက်မှုလက်မှု)က သမိန်ထောအခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ်တစ်သိန်းတို့ကို အသီးသီးလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးဆေးပေးခန်း ပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ကျန်းမာရေးမှူး ဦးအေးရွှေက လိုက်လံရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၆-၂၀၀၈ရက်
(ကြာသပတေးနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အစွမ်းထက်သော ပရိတ်များ"တရားတော် (ပရိတ်၊ မဟာသမယ၊ ဥပ္ပါတသန္တိ အရှင်နန္ဒောဘာသာဘိဝံသ (ကျိုက်ထိုဆရာတော်)
၇း၅၅-၁း၅၅	နိဗ္ဗာန်ဆီသို့ ..... အမေးအဖြေများ
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	ပြည်တွင်းအနုပညာရေးရာ
၈း၄၅-၂း၄၅	လေ့လာသင်ယူချင်စရာ Aikido နည်းပညာ
၉း၁၀-၃း၁၀	ပြည်တွင်းသတင်း အကျဉ်း
၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	ACT အေးချမ်းသာ ပရဟိတကျောင်း
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်း အကျဉ်း
၁၀း၀၀-၄း၀၀	ကြည်နူးဖူးမဝသည် ထူးလှသည့်ဓာတ်တော်တိုက်ဆီ
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	သစ်ခွ
၁၁း၃၅-၅း၃၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၄၀-၅း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "နှလုံးသားစီရင်ခန်း"
၁၂း၀၅-၆း၀၅	Say it in English
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေး ဥယျာဉ်
၁၂း၄၀-၆း၄၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် မုန်းတိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ရွှေရတနာရုပ်ရှင်ရုံ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူရှင်များက ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၈

မုန်တိုင်းသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမသို့ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အလှူရှင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်နေသောကုမ္ပဏီများက တန်ဖိုးငွေကျပ်သိန်း ၁၉၀ရှိ ကြက်သွန်၊ အာလူး၊ ကုလားပဲ၊ ရေတိသီး စသည့် မီးဖိုချောင်သုံးပစ္စည်းများကိုလည်းကောင်း၊ Pinn Pinn Family Co.,Ltd. မှ General Manager ဦးမိုးကျော်သန့်က ဗီယက်နမ်နိုင်ငံ Zamil Steel Industries Co.,Ltd. က လှူဒါန်းသော အမေရိကန်ဒေါ်လာ ၁၈၀၀၀ တန်ဖိုးရှိ ဆေးမျိုးစုံ၊ အစားအသောက်နှင့် အဝတ်အထည်မျိုးစုံတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

အလားတူ လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများ ကျောင်းအတွက် ဦးတင်ထွတ်နိုင် (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း) နှင့် ဇနီး ဒေါ်စောသီရိသိင်္ဂီ၊ သား မောင်သူရိန်စောထွတ်နိုင်တို့က အလှူငွေကျပ် တစ်သိန်း၊ ဦးဝင်းသိန်း၊ ဒေါ်ခင်ယင်းမာ (Win Thein & Son's Co.,Ltd.) တို့က ငွေကျပ်ငါးသိန်း၊ စွမ်းထက်ကုမ္ပဏီမှ ငွေကျပ်ငါးသိန်း၊ ဒေါ်ယဉ်ယဉ်ဝိုင်း အမှတ် ၂၁၈ ဓမ္မသုခကျောင်း လမ်းသွယ် ၁၃ရပ်ကွက် လှိုင်မြို့နယ်က ငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့အောက်ရှိ အဖွဲ့ခွဲ လေးခုမှ စုပေါင်း လှူဒါန်းငွေကျပ် ၃၆၅၀၀၀နှင့် နတ်သုဒ္ဓါဒ်ပေါက် (KSS)မှ ဗာလချောင်ကြော် ၂၃၂ဘူးနှင့် A 21 ဆပ်ပြာကုမ္ပဏီမှ A 21 ဆပ်ပြာတုံး ၂၈၈၀တို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၈

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက် လှူဒါန်းလျက်ရှိကြရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဇွန် ၁၅ရက်နှင့် ၁၆ရက် လှူဒါန်းမှုများမှာ ဦးလှတင် (မြန်မာ့ရေနံ-လျှပ်စစ်/ငြိမ်း) အားရည်စူး၍ ဒေါ်စန်းကြည်နှင့် သား၊ သမီး၊ မြေးတစ်စုသုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ ဗိုလ်ကြီးတိုင်းကျော်(ငြိမ်း)ရေနံ့မိသားစု ကချင်ပြည်နယ်ကငွေကျပ်သုံးသိန်း၊ ကွယ်လွန်သူ ဦးတင်ငွေနှင့် နှစ်ဖက်သောမိဘများအားရည်စူး၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းမိသားစုက ငွေကျပ် ၁၀သိန်း၊ ဒေါက်တာ အောင်မြတ်စိုး (တွဲဖက်ပါမောက္ခ၊ မျက်စိအထူးကုဆေးရုံကြီး၊ ရန်ကုန်)နှင့် ဒေါ်သဇင်မြင့်အောင် (မေတ္တာဦး မျက်စိအထူးကုဆေးခန်း၊ ရန်ကုန်)တို့က ငွေကျပ်သိန်း၃၀၊ ဒေါက်တာကြည်ဦးနှင့် ဒေါက်တာခင်မာရှိန်မိသားစု တောင်ငူဆေးရုံက ငွေကျပ်နှစ်သိန်း၊ ဗိုလ်ကြီးကောင်းထက်စံနှင့် မသိမ့်မြတ်မိုးယုမိသားစု တောင်ဥက္ကလာပမြို့နယ်က ငွေကျပ်ငါးသောင်းနှင့်ကပ္ပတိန်စိုင်းမောင်ဖွယ်နှင့်ဒေါ်ရီရီမြင့်မိသားစု ကမာရွတ်မြို့နယ်က ငွေကျပ်နှစ်သိန်းတို့အပါအဝင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ်၁၀၄၈၅၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းရှိ ရုပ်ရှင်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ ဝဇီရာ(၂) ရုပ်ရှင်ရုံသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံသို့လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ရွှေရတနာရုပ်ရှင်ရုံသို့ လည်းကောင်း သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ပြန်လည်ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေရပ်ပြန်ခရီး

ဇွန် ၁၈ ရက်က မိမိဆန္ဒအလျောက် ရပ်ရွာများသို့ ပြန်ကြမည့် လေဘေးသင့်ပြည်သူများ မောင်မြန်မာ(၅) ရေယာဉ်ဖြင့် လပွတ္တာဆိပ်ကမ်းမှ မိမိတို့ဒေသအသီးသီးသို့ ထွက်ခွာစဉ်။

(သတင်းစဉ်)

လပွတ္တာမြို့နယ် ပြင်စလူမြို့မြင်ကွင်း

သတင်းမှတ်တမ်း - မျိုးညွန့် (ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း - ငွေးအောင် (ကြေးမုံ)
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၈

ပြင်စလူမြို့သည် ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ်တွင် ပါဝင်ပြီး ပင်လယ်ပြင်နှင့် အနီးဆုံး တည်ရှိသောကြောင့် မေ ၂ရက်က တိုက်ခတ်သွားသော ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် ပြင်စလူမြို့ များစွာပျက်စီးသွားသည်ကို သတင်းကြားသိရပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံတကာနှင့် INGOS, NGOS, တိုင်းရင်းသား လုပ်ငန်းရှင်များက ပါဝင် ဆောင်ရွက်နေကြသည်ကိုလည်းကောင်း ကိုယ်တိုင်မြင်တွေ့သိရှိလို၍ ဇွန် ၉ရက်က မက်(စ်)မြန်မာကုမ္ပဏီမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့သောရေယာဉ်ဖြင့် လိုက်ပါကာ လေ့လာခွင့်ရခဲ့သည်။

မိမိတို့ သတင်းအဖွဲ့သည် နံနက် ၁၁ နာရီခန့်တွင် ပြင်စလူမြို့သို့ ရောက်ရှိသည်။ မက်(စ်)မြန်မာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဇော်နှင့်အတူ ပြင်စလူမြို့ ကယ်ဆယ်ရေး စခန်းတွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ကယ်ဆယ်ရေးစခန်း၏ လိုအပ်သော အခြေအနေများ၊ အခြေခံပညာ ကျောင်းများ ပြန်လည် တည်ဆောက်ရေး၊ ဘုန်းတော်ကြီး ကျောင်းများ ပြုပြင်တည်ဆောက်ရေးတို့အတွက် မြို့၏ နေရာအခြေအနေများစသည်တို့ကို လိုက်လံ ကြည့်ရှုခဲ့သည်။

တစ်ဖန် ဆိပ်ကမ်းဘက်သို့ လှမ်းမျှော်ကြည့်ရှုလိုက်ရာတွင် သင်္ဘောပေါ်မှ ပါရှိလာသော ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးပစ္စည်းမျိုးစုံတို့ကို သယ်ယူနေကြသည်ကို တွေ့ရှိရသည်။ ပစ္စည်းများမှာ ပြည်တွင်းပြည်ပ အလှူရှင်များက လှူဒါန်းထားကြသော အစားအသောက်မျိုးစုံ အသုံးအဆောင်ပစ္စည်းများ၊ ရွက်ဖျင်တဲဆောက်လုပ်ရန် တာပေါ်လင်လိပ်များ၊ မက်(စ်)မြန်မာကုမ္ပဏီက လှူဒါန်းသော စောင်၊ ဒန်အိုး အပါအဝင် ပစ္စည်းအမျိုးပေါင်း မြောက်မြားစွာကို တွေ့ရှိရသည်။ ရေသန့်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများလည်း ရောက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။

ထို့နောက် မိမိတို့သတင်းအဖွဲ့သည် ရွက်ဖျင်တဲများ အစီအရီဖြင့် ရှိနေသော နေရာကို ရောက်ရှိ၍ တဲများအတွင်း နေထိုင်ကြသော လေဘေးသင့် ပြည်သူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

မြောင်းမြ ကယ်ဆယ်ရေး စခန်းမှ ပြန်လည်ရောက်ရှိလာသော ဦးထွန်းသိန်း။

ရှေးဦးစွာ မြောင်းမြမြို့ရှိ ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ရောက်ရှိနေသော ဦးထွန်းသိန်း-ဒေါ်လှရီ၊ သားမောင်သိန်းထွေးမိသားစုကို တွေ့ဆုံ မေးမြန်းခဲ့ရာတွင် **ငှင်းတို့ မိသားစုသည် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြောင်း၊ ငှင်းတို့သည် မြောင်းမြ ကယ်ဆယ်ရေးစခန်းမှ မေ ၂၅ရက်တွင် ပြင်စလူမြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း၊ မိမိတို့ဆန္ဒအရ ပြန်လို၍ ပြန်လာခြင်းဖြစ်ပြီး ကယ်ဆယ်ရေးစခန်းမှလည်း ဆန်၊ ဆီ၊ အစားအသောက် မျိုးစုံနှင့် စောင်၊ ခြင်ထောင် အပါအဝင် ထောက်ပံ့ရေးပစ္စည်း များစွာ ပံ့ပိုးပေးခဲ့ကြောင်း၊ ပစ္စည်းများနှင့်အတူ မြောင်းမြမြို့မှ ကားဖြင့် လပွတ္တာမြို့၊ ငှင်းမှ တစ်ဖန်ရေယာဉ်ဖြင့် ပြင်စလူမြို့ အရောက် ပို့ဆောင်ပေးခဲ့ကြောင်း။**

ပြင်စလူမြို့သို့ ရောက်ရှိသောအခါ ပြင်စလူမြို့ ကယ်ဆယ်ရေး စခန်းသို့ သတင်းပို့၍ နေထိုင်လိုသောနေရာတွင် ရွက် ဖျင်တဲထိုးပေးခဲ့ကြောင်း၊ သောက်ရေအတွက် သောက်ရေသန့် ဘူးကြီးများလည်းပေးခဲ့ကြောင်း၊ ကျန်းမာရေးစစ်ဆေးမှုကို ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာန မှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့ဒေသ ပြန်ရောက်ခဲ့ရာတွင် အကူအညီများ ရရှိသောကြောင့် စိတ်ကျေနပ်မိပါကြောင်းနှင့် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များတွင် မိမိတို့ တတ်နိုင်သလောက် ပါဝင်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းဖြင့် သတင်းအဖွဲ့ကို ရှင်းပြသည်။ မိမိတို့ သတင်းအဖွဲ့ကလည်း အားပေးစကား ပြောကြားပြီးနှုတ်ဆက်၍ ထွက်ခွာခဲ့သည်။

ပုသိမ် ကယ်ဆယ်ရေး စခန်းမှ ပြန်လည် ရောက်ရှိလာသော ဦးစိုးနိုင်။

ယင်းနောက် ရွက်ဖျင်တဲ တစ်လုံးတွင် ထမင်းဝိုင်းဖွဲ့ စားသောက်နေသည်ကိုမြင်၍ ဝင်ရောက် မေးမြန်းခဲ့သည်။

ငှင်းတို့သည် ပုသိမ်မြို့ ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ရောက်ရှိလာသော ဦးစိုးနိုင်ဖြစ်ကြောင်း၊ လေဘေးဒဏ် ခံရပြီးနောက် ပုသိမ်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူပြီး ကျန်းမာရေး ကောင်းမွန်လာသဖြင့် မိမိဒေသကိုသာ ခင်တွယ်၍ မိမိသဘောနှင့် မိမိတို့ပြန်လာခဲ့ကြောင်း၊ ရေလုပ်သား ဖြစ်သောကြောင့် ငှင်းကျွမ်းကျင်သောရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ဘဝကို အရှုံးမပေးဘဲ လက်ရှိ အခြေအနေမှ တိုးတက်အောင်မြင်အောင် ကြိုးပမ်းသွားမည် ဖြစ်ကြောင်းနှင့် မိမိဒေသ၊ မိမိမွေးရပ်မြေကို တိုးတက် ဖြစ်ထွန်းအောင် တည်ဆောက်ရေးလုပ်ငန်းများ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကူညီ ပေးသွားမည်ဖြစ်ကြောင်း ပြောပြသည်။

ငှင်းသည် ငယ်ရွယ်သူတစ်ဦး ပီပီ ဒေသဖွံ့ဖြိုးရေးအတွက် စုပေါင်းဆောင်ရွက်လိုစိတ် ပြင်းပြနေသည်ကို သိရှိ၍ မိမိတို့ သတင်းအဖွဲ့သည် ငှင်း၏ ရှေ့ခရီး၊ ငှင်း၏ရည်ရွယ်ချက်တို့ တိုးတက်အောင်မြင်ပါစေဟု ဆုတောင်းပေးခဲ့ပြီး လပွတ္တာမြို့သို့ ပြန်ခဲ့ကြပါသည်။ ။

ပြင်စလူဆိပ်ကမ်းမြင်ကွင်း။

ပြင်စလူမြို့ ပြည်သူ့ဆေးရုံ

ဧရာဝတီတိုင်း ပြင်စလူမြို့ ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

ဓာတ်အားလိုင်းဆွဲခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ အလေးထား လုပ်ငန်းတာဝန်များ တိုးတက်စေရေး အပင်ပန်းခံဆောင်ရွက်

ရန်ကုန် ဇွန် ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၆ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ ဖောင်ကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းဆိုင်ရာ အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက ဓာတ်အားလိုင်းဆွဲခြင်းနှင့်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများကိုအလေးထားဆောင်ရွက်သွားကြရန်၊ ဆယ်တင်သိမ်းဆည်းရရှိသော ဓာတ်အားလိုင်း ကြွေသီးများကို အရန်အဖြစ် အသုံးပြုနိုင်ရန်၊ စနစ်တကျထိန်းသိမ်းသွားရန်၊ ဝန်ထမ်းအားလုံးက လုပ်ငန်းတာဝန်များ အောင်မြင်တိုးတက်စေရေးအတွက် စေတနာထားအပင်ပန်းခံကာ တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး ရုံးအဆောက်အအုံနှင့် မြေနေရာအကျယ်အဝန်း အခြေအနေ၊ လှည်းကူးမှ ဖောင်ကြီးသို့ သွယ်တန်းသည့် ၃၃ KVနှင့် ၁၁KV ဓာတ်အားလိုင်းတိုင်များ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး ရုံးအဆောက်အအုံနှင့် ဓာတ်အားခွဲရုံကို လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ ထောက်ကြန့် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး ဓာတ်အားလိုင်းများ ပြုပြင်တည်ဆောက်ခြင်းနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့လည်းကောင်း ရောက်ရှိ ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ဝန်ကြီးက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်(လေ)က ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၈

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် တပ်မတော်(လေ)က ပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန်၁၇ရက်က နိုင်ငံတကာမှ ပေးပို့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လွှဲပြောင်း/လက်ခံခြင်းလုပ်ငန်းများကို လည်းကောင်း၊ ပုသိမ်လေဆိပ်တွင် လွှဲပြောင်း/ လက်ခံ/ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တပ်မတော်ရဟတ်ယာဉ်များဖြင့် ကုန်ပစ္စည်းတန်ချိန် ၄၇၉ ဒသမ ၆၁တန်ကို လေဘေးသင့်ဒေသများသို့ ပို့ဆောင်ခဲ့ပြီးဖြစ်သည်။

ပြန်လည်တည်ဆောက်

ထို့အပြင် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များသည် ဘိုကလေးမြို့နယ်၊ သူငွေးကုန်း၊ ကျုံလွတ်ကြီးနှင့် သဘော့ချောင်း ကျေးရွာများသို့သွားရောက်၍ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ ပြုပြင်ခြင်းနှင့် ကျေးရွာကူးတံတားများ ပြန်လည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဆေးဝန်ထမ်းတပ်ဖွဲ့များက ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၈

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိရာ ဇွန်၁၆ရက်က ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များမှ အထူးဆေးအဖွဲ့တစ်ဖွဲ့သည် လပွတ္တာမြို့နယ် (၃)မိုင်စခန်း၊ (၅)မိုင်စခန်းနှင့် ရတနာဒီပအားကစားကွင်းတို့တွင် ဆေးဖျန်းဆေးမှုတ်ခြင်း၊ ရေသန့်ဆေးခတ်ခြင်းနှင့်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဝိုင်းဝန်းဆောင်ရွက်

အလားတူ မြောင်းမြ၊ ဘိုကလေး၊ ဖျာပုံ၊ ပုသိမ်၊ ဟိုင်းကြီးကျွန်း၊ ငပုတောမြို့နယ်များတွင်လည်း အထူးဆေးအဖွဲ့များသည် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ နယ်မြေဒေသအလိုက် ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အီတလီတို့ ပြင်သစ်ကိုအနိုင်ရ၍ အုပ်စုကိုကျော်လွှား နယ်သာလန်တို့ ရှုံးပွဲမရှိကစားပြီး ကွာတားတက်ရောက်

ဇူးရစ် ဇွန် ၁၈

ယူရို၂၀၀၈ အုပ်စု(ဂ)ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ဇွန် ၁၇ရက်က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့နှင့်ဘန်းမြို့တို့တွင် တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယှဉ်ပြိုင်ရမည်

ဇူးရစ်မြို့တွင် ယှဉ်ပြိုင်ကစားသော အီတလီနှင့်ပြင်သစ်တို့ပွဲစဉ်တွင် အီတလီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့တက်ရောက်သွားပြီဖြစ်သည်။ အီတလီအသင်းသည် ကွာတားတွင် အုပ်စု(ဃ)မှ အုပ်စုဗိုလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လူစုံတက်စုံပွဲထွက်

အီတလီအသင်းတွင် (ဂိုး)ဘတ်ဖွန်း၊ ဇမ်ဘရော့တာ၊ ပါနုချီ၊ ချီလီနီ၊ ဂရော့ဆို၊ ပီယာလို၊ ဒီရော့ဆီ၊ ဂတ်တူ ဆို၊ တိုနီ၊ ပါရော့တာနှင့် ကက်ဆာနိုတို့ဖြင့် လူစုံတက်စုံပွဲထွက်ခဲ့ကြသည်။

ပြင်သစ် အသင်းတွင်လည်း (ဂိုး)ကူးပက်၊ ကလဲ၊ ဂါးလက်စ်၊ အဘီဒယ်လ်၊ အီဗရာ၊ ဂိုဗူး၊ ကိုလာလန်၊ မက်ခီလီလီ၊ ရစ်ဘာရီ၊ ဘင်ဇီမာ၊ အွန်နရီ၊ နာဆရီတို့ပါဝင်ကစားခဲ့ကြသည်။

အိပ်မက်ဆိုးမက်

ပြင်သစ်အသင်းတွင် အဓိကကစားသမားရစ်ဘာရီ ပွဲစပြီးခုနစ်မိနစ်တွင် ဒဏ်ရာ ရရှိခဲ့ခြင်းကလည်း ပြင်သစ်အသင်းကို အိပ်မက်ဆိုးမက်စေခဲ့သည်။ ပထမပိုင်းပွဲစပြီး ၂၅ မိနစ်တွင် ဂိုးဧရိယာအတွင်း အဘီဒယ်လ်က အီတလီမှ လူကာတိုနီအား ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ဖြင့်ထွက်ခဲ့ရပြီး ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို ပီယာလိုက သွင်းယူနိုင်ခဲ့သဖြင့် အီတလီ ဦးဆောင်ဂိုး ရရှိခဲ့သည်။

ထိန်းကစား

ပြင်သစ်အသင်းမှ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည့်အတွက် ကစားအားလျော့သွားပြီး အီတလီအသင်းအား ဂိုးထပ်မံမပေးရရေးအတွက်သာ ထိန်းကစားခဲ့သည်။ ပထမပိုင်းပြီးချိန်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိဘဲ အီတလီက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

လမ်းကြောင်းပြောင်း

ဒုတိယပိုင်းတွင် အီတလီတို့ ဂိုးထပ်မံရရှိရေးအတွက် တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် ၆၂မိနစ်တွင် အီတလီအသင်းမှရသော အလွတ်တည်ကန်ဘောကို ဒီရော့ဆီ ကန်သွင်းရာ ပြင်သစ်အသင်းမှ အွန်နရီအား ထိပြီး လမ်းကြောင်းပြောင်းကာ ဂိုးဝင်သွားမှုကြောင့် အီတလီတို့ ဒုတိယဂိုးရရှိပြီး ပြင်သစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုဒုတိယဖြင့် ကွာတားသို့ တက်ရောက်သွားပြီဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့တွင် ယှဉ်ပြိုင်ကစားသော နယ်သာလန်နှင့် ရိုမေးနီးယားတို့ပွဲတွင် နယ်သာလန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

နယ်သာလန် အသင်းအတွက် အနိုင်ဂိုးများကို ၅၄မိနစ်တွင် ဟန်တယ်လာကလည်းကောင်း၊ ၈၇ မိနစ်တွင် ဗန်ပါစီက လည်းကောင်း အသီးသီး ဂိုးသွင်းယူခဲ့ကြသည်။ နယ်သာလန်သည် အုပ်စု(ဂ)တွင် ပထမရရှိပြီး အုပ်စု(ဃ)မှ ဒုတိယရရှိသည့် အသင်းနှင့် ကွာတားဖိုင်နယ်၌ တွေ့ဆုံကြမည်ဖြစ်သည်။

(အင်တာနက်)

ပယ်နယ်တီဂိုး

အီတလီအသင်းမှ ပီယာလိုက ပြင်သစ်အသင်းဘက်သို့ ဤသို့ ပယ်နယ်တီမှတစ်ဆင့် ပထမဂိုး သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အီတလီ၊ ပြင်သစ်၊ ရိုမေးနီးယားနှင့် နယ်သာလန်နည်းပြတို့၏ရင်ဖွင့်သံများ

ဇူးရစ် ဇွန် ၁၈

ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) နောက်ဆုံးပွဲစဉ်များကို ဇွန် ၁၇ရက်က ယှဉ်ပြိုင်ကစားပြီးနောက် နည်းပြများ၏ ပြောစကားများကို ဖော်ပြလိုက်ရပါသည်-

အီတလီနည်းပြ ဒိုနာဒိုနီ

"ကျွန်တော်တို့ ဒီပွဲမှာပြင်သစ်ကို နှစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး အခုလို ကွာတားတက်ခွင့်ရခဲ့တာ ကံကြမ္မာရဲ့ ဖေးမမှု လည်း ပါပါတယ်။ တကယ်တော့ ပြင်သစ်အသင်းဟာ ရင်ဆိုင်ရခက်ခဲသလို အတွေ့အကြုံ ရင့်ကျက်တဲ့ အသင်းပါ၊ ဒီလိုအသင်းမျိုးကို အနိုင်ရခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်" လို့ အီတလီနည်းပြ ဒိုနာဒိုနီက ပြောကြားခဲ့သည်။

ဒိုမီနစ်ရင်ဖွင့်

"အီတလီကို ကျွန်တော်တို့ အနိုင်ကစားမယ်ဆိုပြီး ဖောင်ဖျက်ကစားဖို့ သန္နိဋ္ဌာန်ချထားတာပါ။ ဒါပေမယ့် ကံကြမ္မာက မျက်နှာသာမပေးခဲ့လို့

ပြင်သစ်နည်းပြ ဒိုမီနစ်

ပယ်နယ်တီဂိုး တစ်ဂိုးပေးလိုက်ရတယ်။ နောက်တစ်လုံးကလည်း ကိုယ့်လူနဲ့ မတော်တဆထိပြီး ဘောလုံးလမ်းကြောင်းပြောင်း ဂိုးဝင်သွားခဲ့တာပါ၊ ကိုယ်မှန်းသလို ဖြစ်မလာခဲ့ပါဘူး" ဟု ပြင်သစ်နည်းပြ ဒိုမီနစ်က ရင်ဖွင့်သည်။

ပီတူကာ

"ကျွန်တော်တို့ အသင်းဟာ နယ်သာလန်အသင်းကို မယှဉ်နိုင်

ရိုမေးနီးယားနည်းပြ ပီတူကာ

ဘူးဆိုတာတော့ သိပြီးသားပါ။ ဒါပေမယ့် ကြိုးစားကစားခဲ့ပါတယ်။ အရှုံးထဲကအမြတ်အနေနဲ့ကတော့ အတွေ့အကြုံကောင်းတွေ ရရှိခဲ့တာပါပဲ" ဟု ရိုမေးနီးယားနည်းပြ ပီတူကာက ဆိုသည်။

ဗန်ဘက်စတန်ကပြော

"အုပ်စုနောက်ဆုံး ပွဲစဉ်ဖြစ်ပြီး ကျွန်တော်တို့အသင်းဟာ အီတလီနဲ့ ပြင်သစ်ကို အနိုင်ရပြီးသားမို့ ကွာတားတက်နေပေမယ့်လည်း ဒီပွဲကို ဂရုတစိုက် ကစားခဲ့ပါတယ်။ ကျွန်တော့်အသင်းသားတွေလည်း ညီညီညွတ်ညွတ်နဲ့ ကြိုးစားကစားခဲ့ကြပါတယ်" ဟု နယ်သာလန် နည်းပြ ဗန်ဘက်စတန်က ဖွင့်ဟခဲ့သည်။



နယ်သာလန်နည်းပြ ဗန်ဘက်စတန်

ယူရိုအုပ်စုပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း နည်းပြဆက်လုပ်သွားမည်ဟု ဂရိနည်းပြပြောကြား

ဗီယင်နာ ဇွန် ၁၈

ယူရို၂၀၀၄ချန်ပီယံဂရိအသင်းသည် အုပ်စုပြိုင်ပွဲမှစောစီးစွာ ထွက်ရသော်လည်း နည်းပြတာဝန်ကို ဆက်လက်ယူသွားမည်ဖြစ်ကြောင်း ဂရိနည်းပြ အော်တိုရီ ဟာဂျယ်(အောက်ပုံ)က ပြောကြားသည်။

ဂရိအသင်းကို ယူရို၂၀၀၄ ချန်ပီယံဆုဖလားဆွတ်ခူးပေးခဲ့သော ဂျာမနီနိုင်ငံသား နည်းပြရီဟာဂျယ်သည် ဂရိအသင်းနှင့် စာချုပ်ထားသည်မှာ နောက်ထပ်နှစ်နှစ် ကျန်ရှိနေသေးသည်။

ပြောကြား

၄င်းသည် ၂၀၁၀ပြည့်နှစ်အထိ ဂရိအသင်းနည်းပြအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ဂရိဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဇက်စီလစ်ဂါဂတ်ဆစ်သို့ ပြောကြားသည်။ **(အင်တာနက်)**

တိုက်စစ်မှူးတောရက်စ်အား ငွေပုံအောပေးသော်လည်းမရောင်း

လန်ဒန် ဇွန် ၁၈

တိုက်စစ်မှူးတောရက်စ်**(ယာပုံ)**အား မည်မျှအထိ ငွေပုံအောပေးစေကာမူ ရောင်းချလိမ့်မည်မဟုတ်ကြောင်း လီဗာပူးအသင်းပိုင်ရှင် တွန်ဟစ်က ပြောကြားသည်။

အသက် ၂၄နှစ်ရှိ တောရက်စ်အား ချယ်လ်ဆီးက ပေါင်သန်း၅၀ ဖြင့်ခေါ်ယူရန် စဉ်းစားနေကြောင်း ပြောကြားသည်။ သို့သော် ငွေမည်မျှပေးစေကာမူ မရောင်းဟုတွန်ဟစ်က ဆိုသည်။

ပစ်မှတ်ထား

တောရက်စ်အနေဖြင့်လည်း လီဗာပူးအသင်းတွင် ပျော်ရွှင်နေပြီဖြစ်ကြောင်း မကြာမီကပြောကြားသည်။ တိုက်စစ်မှူးတောရက်စ်အား ချယ်လ်ဆီးနည်းပြသစ် စကိုလာရီက မီလန်တိုက်စစ်မှူး ကာကာနှင့်အတူ ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

တောရက်စ်သည် ပြီးခဲ့သည့်ရာသီက စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး လီဗာပူးအသင်းအတွက် ၃၃ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

တူရကီအသင်းနောက်တန်းလူ ဂန်ဂေါ ဒဏ်ရာကြောင့် ယူရိုလက်ကျန်ပွဲနှင့်လွဲမည်

ဗီယင်နာ ဇွန် ၁၈

တူရကီနောက်တန်းကစားသမား ဂန်ဂေါ(အောက်ဝဲပုံ)သည် ခြေသလုံးကြွက်သားဒဏ်ရာကြောင့် လက်ကျန်ယူရို၂၀၀၈ ပြိုင်ပွဲများနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်း တူရကီအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသက် ၂၃နှစ်ရှိ ဂါလာတာစာရေးကလပ် ကစားသမား ဂန်ဂေါသည် ဇွန် ၁၅ ရက်က ချက်နှင့်ကစားသည့်ပွဲတွင် ၆၅မိနစ်အကြာကစားပြီးနောက် ဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်လိုက်ရသည်။

ပါဝင်ကစားမည်

တူရကီဗဟိုခံစစ်မှူး ဆာဗက်စီတင်သည်လည်း ဒူးနှင့်တင်ပါးတို့တွင် ဒဏ်ရာရရှိထားသဖြင့် ခရိုအေးရှားနှင့် ကွာတားဖိုင်နယ်ပွဲကစားမည့် ပွဲစဉ်အတွက် ပါဝင်ကစားရန် မသေချာဘဲရှိသည်။ တူရကီအသင်းခေါင်းဆောင် ဘီလာဇိုဂလုသည် တံခေါက်ကြောထိခိုက်ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပါဝင်ကစားနိုင်မည်ဖြစ်သည်။

(အင်တာနက်)

ဒေကို၊ ရော်နယ်ဒင်ဟိုနှင့် အီတူးတို့သုံးဦး ဘာကာမှထွက်ခွာမည်ဟု နည်းပြပြောကြား

မက်ဒရစ် ဇွန် ၁၈

ဘာစီလိုနာမှ နာမည်ကြီးကစားသမားများဖြစ်သည့် ရော်နယ်ဒင်ဟို၊ ဒေကိုနှင့် အီတူးတို့သည် ဘာစီလိုနာကလပ်မှ အလွတ်ပြောင်းရွှေ့ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း နည်းပြသစ် ဂွာဒီယိုလာက ပြောကြားသည်။

ပြောကြား

မိမိတို့သည်အသင်းကို ပြန်လည်ဖွဲ့စည်းနေကြောင်း၊ ဒေကို၊ ရော်နယ်ဒင်ဟိုနှင့် အီတူးတို့မပါဝင်တော့ကြောင်း ဘာစီလိုနာအသင်းခေါင်းဆောင်ဟောင်း ဂွာဒီယိုလာက ပြောကြားသည်။

ပြောင်းရွှေ့

အွန်နရီနှင့် တွဲဖက်ညီသည့် တိုက်စစ်မှူးတစ်ဦးကိုလည်း အမြန်ဝယ်ယူသွားမည်ဖြစ်ကြောင်း ၄င်းက အတည်ပြုပြောကြားသည်။ ကွင်းလယ်ကစားသမားဒေကိုသည် လာမည့်ရာသီတွင် ချယ်လ်ဆီးသို့ပြောင်းရွှေ့ရန် ဆက်သွယ်ထားသည်။

ဆက်သွယ်ထား

ရော်နယ်ဒင်ဟိုသည် အေစီမီလန်၊ ချယ်လ်ဆီးနှင့် မန်စီတီး တစ်သင်းသင်းသို့ပြောင်းရွှေ့ရန် ဆက်သွယ်ထားသည်။ ကင်မရွန်း တိုက်စစ်မှူးအီတူးသည်လည်း မီလန်သို့ပြောင်းရွှေ့ရန် ဆက်သွယ်ထားသည်။**(အင်တာနက်)**



ဘာစီလိုနာနည်းပြဂွာဒီယိုလာ

မြင့်မောင်စိုးနှင့်ချစ်စိုးနိုင် စုစည်းသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီး အင်္ဂလိပ်ဘာသာပြန်စာအုပ် ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဇွန် ၁၈

မှန်နန်းမဟာရာဇဝင်တော်ကြီး အင်္ဂလိပ်ဘာသာပြန် (The Glass Palace Chronicle of The Kings of Myanmar) စာအုပ်ကိုတတိယအကြိမ် အဖြစ် Unity စာပေက ထုတ်ဝေ ဖြန့်ချိလိုက်သည်။(ဓါတ်ပုံ)

အဆိုပါစာအုပ်ကို ပထမအကြိမ်အဖြစ် ၁၉၂၃ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ် ပုံနှိပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့ပြီး ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံ သုတေသနအသင်းမှ ၁၉၆၀ပြည့်နှစ်တွင် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ အင်္ဂလိပ်ဘာသာပြန် စာမူမှာ မူရင်း မှန်နန်းရာဇဝင်တော်ကြီး၏ တွဲရေ(၃၊ ၄၊ ၅) တကောင်း၊ သရေခေတ္တရာနှင့် ပုဂံခေတ် ၁၃ရာစုအထိ ဘာသာပြန်ထားခြင်းဖြစ်ပြီး Pe Maung Tin & G.H.Luce တို့က အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုထားကြောင်း၊ ဆက်သွယ်ဝယ်ယူလိုပါကUnity စာပေ ဖုန်း- ၀၉-၅၁-၃၀၉၇၇သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက် ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၈

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက် ပေးပို့လှူဒါန်းလျက်ရှိရာ ကရင်ပြည်နယ်မှ စေတနာရှင်ပြည်သူများကငွေကျပ်၅၉၃၆၀၀၊ချင်းပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၄၃၀၄၂၀၀၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ်၁၀သိန်းတန်ဖိုးရှိ လယ်ယာသုံးပစ္စည်းများ၊ ပဲခူးတိုင်းမှစေတနာရှင် ပြည်သူများကငွေကျပ်၅၈၄၄၇၅၀၀တန်ဖိုးရှိ စပါး၁၁၁၇၅တင်းနှင့် ဝါးအလုံး ၅၀၅၀၀၊ မန္တလေးတိုင်းမှစေတနာရှင် ပြည်သူများကငွေကျပ် ၂၁၆၉၆၀၀တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ မွန်ပြည်နယ်မှစေတနာရှင်ပြည်သူများကငွေကျပ်၁၂၇၂၁၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သား မိသားစုများက ငွေကျပ်သိန်း၁၀၀နှင့် ငွေကျပ် ၁၂၄၁၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ် လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၇၈၅၀၀၀ အပါအဝင် စေတနာရှင် ပြည်သူများ၏ ယမန်နေ့က လှူဒါန်းသည့်ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၇၈၆၆၈၁၁၀ဖြစ်ရာ ဇွန် ၁၇ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ၁၂၆၄၀၉၁၆၆၆ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် စည်ပင် ညွှန်/မှူး ဖလမ်းမြို့ သာယာလှပရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၈

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့်အဖွဲ့သည် ဇွန်၊ ၆ ရက် နံနက် ၉နာရီက ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေး ဆောင်ရွက်မှု၊ မြို့တွင်းလမ်းဘေး ဝဲယာတစ်လျှောက် သစ်ပင်စိုက်ပျိုးရန် လျာထားဆောင်ရွက်မှုများ၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပျိုးပင်များပျိုးထောင်မှု အခြေအနေနှင့်အဖွဲ့ပိုင်ဈေးအတွင်း ဟင်းသီးဟင်းရွက် ခင်းကျင်းပြသရောင်းချမှုများကို လိုက်လံစစ်ဆေးကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလလ်တုပ်ထန်းတို့က ရှင်းလင်းတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ လေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေအထူးပန်းချီပြပွဲ

အနုပညာရှုခင်း- ချစ်စိုးနိုင် ဓာတ်ပုံမှတ်တမ်း- မောင်မောင်သန့် (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံတွင်မေလ၂ရက်နှင့်၃ရက်က မုန်တိုင်းကြီးတိုက်ခတ်ခဲ့မှုဒဏ်ကို ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် လေဘေးဒဏ်ခံစားခဲ့ကြရသည်။

ထိုကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းဒဏ် ခံစားခဲ့ကြရသော လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ပုဂ္ဂလိကအလှူရှင်များက ပစ္စည်းများ၊ ငွေများဖြင့် နေ့စဉ်နှင့်အမျှ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိကြသည်။

အထူးပန်းချီပြပွဲ

မွန်မြတ်သောအလှူဒါနပြုကြသော အဖွဲ့အစည်းများထဲတွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)လည်း တစ်တပ်တစ်အား ပါဝင်ခဲ့သည်။ ဇွန်၁၇ရက် နံနက် ၁၁နာရီက မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပသော လေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေအထူးပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ ပန်းချီ၊ပန်းပု အရောင်းပြခန်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနား

အခမ်းအနားတွင်အခမ်းအနားမှူးအဖြစ် ဦးကြည်ဝင်း(Today)က ဆောင်ရွက်ပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်နှင့် ခန်းမတစ်ခုလုံး တက်ရောက်လာသူများ၏ လက်ခုပ်သံများဖြင့် ဘဝဂ်သို့လျှံသွားတော့သည်။ ထို့နောက် အစည်းအရုံး ဥက္ကဋ္ဌ ဦးသောင်းဟန်ကိုယ်စားဒုတိယ ဥက္ကဋ္ဌ ဦးသန့်ဇင် (ပန်းချီလုတင်ထွန်း) က အဖွင့် အမှာစကားပြောကြားသည်။ ယင်းနောက် ပန်းချီဆရာဦးမျိုးသန့်အောင်ကပန်းချီကားရောင်းရငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဥက္ကဋ္ဌဦးသောင်းဟန်က လက်ခံယူသည်။ပန်းချီပညာရှင်ဦးကျော်သီဟကလည်း ပန်းချီကားရောင်းရငွေကျပ်တစ်သိန်းကို ဆက်လက်လှူဒါန်းရာ ဦးအောင်သိန်းက လက်ခံယူသည်။ ထို့အပြင် ပန်းချီဆရာဦးလူမင်း၏ကိုယ်စား သားဖြစ်သူက ပန်းချီကားရောင်းရငွေကျပ်တစ်သိန်း လှူဒါန်းပြန်ရာ ဦးစောလှိုင်ကလက်ခံယူသည်။ ပန်းချီ ပညာရှင်များ၏ စေတနာသဒ္ဓါတရား ထက်သန်မှုကား ချီးကျူးဖွယ်၊ လေးစားဖွယ်ပင်။ အခမ်းအနား ဖွင့်ပွဲအပြီးတွင် ပြပွဲသို့တက်ရောက် လာသော စာနယ်ဇင်းသမားများ၊ ဧည့်သည်တော်များ၊ ပန်းချီဝါသနာရှင်များက ခန်းမအတွင်း ခင်းကျင်းပြသထားသော ပန်းချီကားများကို စိတ်ဝင်စားစွာလှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ရန်ပုံငွေ အထူးပန်းချီ ပြပွဲကို ဇွန် ၁၇ ရက်မှ ဇွန်၂၄ရက်အထိ ခင်းကျင်းပြသထားမည် ဖြစ်သည်။

“အခုလို ပန်းချီအနုပညာလက်ရာနဲ့ အလှူလုပ်ခွင့်ရလို့ အလွန်ပင် ဝမ်းသာပီတိ ဖြစ်မိပါတယ်”

ပန်းချီဆရာမ ဒေါက်တာခင်မေကြည်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာ့အလင်း သတင်းအဖွဲ့က သိလိုသည်များကို မေးမြန်းစေ့ငု ခဲ့ကြရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးကြည်ဝင်းက စိတ်ရှည်၊ လက်ရှည် ဖြေကြားပေးခဲ့သည်။ **“မေ၂ရက်နှင့် ၃ရက်က ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတွင် တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ပန်းချီပညာရှင်မိသားစုများ၊ ပြည်သူများကို တတ်နိုင်သည့်ဘက်က အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်လှူဒါန်း ကူညီလိုသော စိတ်စေတနာဖြင့် ယခု အထူး**

“မွန်မြတ်တဲ့ အလှူကို လှူရတဲ့အတွက် အတိုင်းအဆမဲ့ဝမ်းသာပီတိ ဖြစ်ရပါတယ်”

ကာတွန်းငွေကြည်

ပန်းချီပြပွဲကြီးကို ကျင်းပခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကာ အေးအတူ ပူအမျှ အတူတကွ နေထိုင်ကြသော

“အခုလို လှူဒါန်းရတဲ့အတွက် အတိုင်းအဆ မရှိ ဝမ်းသာဝမ်းမြောက် ဖြစ်ရပါတယ်”

ဦးကြည်ဝင်း(Today)
မြန်မာနိုင်ငံပန်းပညာရှင်များ
အစည်းအရုံး(ဗဟို)
အတွင်းရေးမှူး

ဆရာအချို့က ပန်းချီကား သုံးကား၊ လေးကား စသည်ဖြင့် လှူဒါန်းလိုသော်လည်း နေရာအခက်အခဲကြောင့် ပန်းချီဆရာတစ်ဦးလျှင် ပန်းချီကားတစ်ကားနှုန်း လှူဒါန်းခွင့်ပြုပြီး ပန်းချီကား ၁၅၅ကား ပါဝင် ခင်းကျင်းပြသထားကြောင်း၊ အပြင်တွင် သုံးသိန်း၊ လေးသိန်းတန်သော ပန်းချီကားများကို ၂၅ ရာခိုင်နှုန်းမှ ၄၀ရာခိုင်နှုန်းအထိ လျှော့ရောင်းပေးသဖြင့် ပန်းချီကားတစ်ကားလျှင် ငွေကျပ် ၅၀၀၀၀မှ ၁၀၀၀၀၀ အထိသာ ကျသင့်တော့ကြောင်း၊ ယခုကဲ့သို့ လှူဒါန်းရခြင်းကြောင့် အတိုင်းအဆမရှိ ဝမ်းသာမိကြောင်း၊ နောက်

ငွေကြေးအားဖြင့် တန်ဖိုးမဖြတ်နိုင်သော အနုပညာလက်ရာနှင့် မွန်မြတ်သော အလှူကို လှူရသည့်အတွက် အတိုင်းအဆမဲ့ဝမ်းမြောက်ပီတိဖြစ်။

ညီအစ်ကို မောင်နှမများကို ကူညီထောက်ပံ့ချင်သည့်စိတ်စေတနာအဟုန်ကြောင့် ယခုပွဲဖြစ်မြောက်ခဲ့ရကြောင်း၊ သဒ္ဓါတရားထက်သန်မှုကြောင့် ပန်းချီ ထပ်လည်း ဤကဲ့သို့ လှူဒါန်းမည့် အစီအစဉ်များ ရှိသေးကြောင်း” အစည်းအရုံးအတွင်းရေးမှူး ဦးကြည်ဝင်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

ပန်းချီဆရာ ဦးကျော်သီဟက ၄င်း၏ပန်းချီကားရောင်းချရငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့စဉ်။

ကာတွန်းဆရာကြီး ဦးငွေကြည်က **“ငွေကြေးအားဖြင့် တန်ဖိုးမဖြတ်နိုင်သောအနုပညာလက်ရာနှင့် မွန်မြတ်သော အလှူကို လှူရသည့်အတွက် အတိုင်းအဆမဲ့ ဝမ်းမြောက်ပီတိဖြစ်မိကြောင်း”** ပြောကြားသည်။ **“လူသားချင်း စာနာထောက်ထားမှုတွင်အနုပညာသည်များသည် သာမန်လူများထက် ခံစားမှုပိုနေကြောင်း၊ ယခု အလှူကိုလည်း ရင်တွင်းမှ ကြည်ကြည်နူးနူးဖြင့် လှူဒါန်းခဲ့ကြောင်း”** ပန်းချီဆရာ နန္ဒာလှိုင်က ဖွင့်ဟသွားသည်။ **“ဆေးအလှူကို မကြာခဏ ဒါနပြုခွင့်ကြုံဖူးသော်လည်း ယခုကဲ့သို့ ကြုံတောင့်ကြုံခဲ ပန်းချီအနုပညာလက်ရာဖြင့် လှူခွင့်ရ သဖြင့် အလွန်ပင် ဝမ်းသာပီတိဖြစ်မိကြောင်း”** ပန်းချီပညာရှင် ဒေါက်တာ ခင်မေကြည်က ဖွင့်ဟခဲ့သည်။

ပန်းချီပညာရှင် ဦးမောင်မောင်သိမ်း(ပုသိမ်) ကလည်း **“နဂိုကတည်းက ဒါနပြုချင်စိတ် ထက်သန်နေသည့်အတွက် သူပိုင်အဝတ်အစားများ၏ သုံးပုံနှစ်ပုံကိုပင် လှူဒါန်းဖြစ်ခဲ့ကြောင်း၊ ယခုကဲ့သို့ ကိုယ်ကိုယ်တိုင်**

“ဒါနပြုချင်စိတ် ထက်သန်နေတဲ့အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်မိ”

ပန်းချီမောင်မောင်သိမ်း(ပုသိမ်)

ဖန်တီးထားသော အနုပညာလက်ရာပန်းချီကားများကို လှူဒါန်းခွင့်ကြုံသောအခါတွင်မူ အတိုင်းထက်အလွန်ဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာစွာဖြင့်လှူဒါန်းခဲ့ကြောင်း” ရှင်းပြသည်မှာ အတုယူ လေးစားဖွယ်ပင်ဖြစ်သည်။

“အမှန်တကယ် အကူအညီလိုအပ်နေသူများအား ကူညီခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်မိကြောင်း” ပန်းချီဆရာမောင်ကျော်ခေါင်(ဦးကျော်ခေါင်)က ရင်တွင်းဆန္ဒအမှန်ကို သရုပ်ဖော်ခဲ့သည်။ ပန်းချီပညာရှင် ကျော်သီဟ(ဦးတင့်ဆွေ) ကလည်း **“လေဘေးသင့်ပြည်သူများအတွက် စာနာစိတ်ကြောင့် ဝမ်းနည်းမိသကဲ့သို့ ယခုလိုသူ၏ အနုပညာလက်ရာ ပန်းချီကားဖြင့် လှူဒါန်းသမှု ပြုရသည့်အတွက် ဝမ်းသာမိသဖြင့်အလှူဒါနပြုနေသည့်အချိန်တွင်ပင် ဝမ်းနည်းဝမ်းသာ ခံစားမှု နှစ်ရပ်ကို တစ်ပြိုင်တည်း ဒွန်တွဲ ခံစားခဲ့ရပါကြောင်း”**ဖြင့် ရင်တွင်း ခံစားမှုများကို ပန်းချီပညာရှင် အသီးသီးက ထုတ်ဖော်ဖွင့်ဟခဲ့ကြကြောင်း အနုပညာသတင်းရှုခင်းအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မုန်တိုင်းဒဏ်ခံရသောပြည်သူများအား ဆန်၊ အမိုးသွပ်နှင့် သက်န်းများ လှူဒါန်း

ရန်ကုန် ဇွန် ၁၈

မုန်တိုင်းဒဏ်ခံရသောပြည်သူများနှင့် ဘုန်းတော်ကြီးကျောင်းများအား ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက် ဆရာတော် အသျှင်ရာဇ်ဘာဝနာဝိသုဒ္ဓိ၏ ဦးဆောင်မှုဖြင့် ဩစတြေးလျ၊ သီရိလင်္ကာ၊ စင်ကာပူ၊ ထိုင်းနိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့မှ ပြည်သူများက ဆန်အိတ် ၁၀၀၊ သွပ်အချပ် ၆၅၀ နှင့် သင်္ကန်းအစုံ ၂၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်

ယင်းနောက် ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက် ဆရာတော် အသျှင်ရာဇ်ဘာဝနာဝိသုဒ္ဓိ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသို့ ကြွရောက်လာကြသည့် Buddhist Federation of Australia ၏ ဥက္ကဋ္ဌ ဗုဒ္ဓဘာသာဘုန်းတော်ကြီး Ven. Sudhammo Rhikkhu နှင့် စင်ကာပူနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ ဆရာတော်ကြီးများက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားတော်မူကြပြီး ဆန်အိတ်၊ သွပ်နှင့် သင်္ကန်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။

လှူဒါန်း

အလားတူ မုန်တိုင်းဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများအတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အင်းလျားရိပ်သာလမ်းနေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြရင်(မြသီရိဆေးတိုက်)က သင်္ကန်းဒွိစုံ ၁၀စုံနှင့် ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ မြသီရိသွေးဆေး ဒါဇင်၃၀၀ တို့ကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်ခင်မာဝင်းက ငွေကျပ်ငါးသိန်းကိုလည်းကောင်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ လာရောက်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန်ကြေးသွန်ဘုရားကြီးသို့ (ဦးသန်းညွန့်-ဒေါ်မြင့်မြင့်သက်)တို့အား ရည်စူး၍ သမီးများဖြစ်ကြသော ဦးလှိုင်ဝင်း-ဒေါ်ရီရီညွန့်၊ မြေး ယဉ်နွယ်ထွေး၊ ဒေါ်မီမီညွန့်၊ ဒေါ်နှင်းသီတာညွန့် မိသားစုက ငွေကျပ်ခြောက်သိန်းခြောက်သောင်းတန်ဖိုးရှိ စတီးလ်ရေသန့်တိုင်ကီတစ်လုံးလှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချစ်မြိုင်နှင့် အဖွဲ့ဝင် ဦးသိန်းအောင်တို့ လက်ခံယူစဉ်။ (က-ပ)

ဘိုကလေးမြို့နယ် လေဘေးသင့်ကျေးရွာများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၁၅ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ မော်တော်ဖြင့်ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် ကျေးရွာပြန်လည်ဆောက်လုပ် နေရာချထားမည့်နေရာ၊ နိုင်ငံတော်နှင့် ထူးထရိတ်ဒင်းကုမ္ပဏီတို့ လှူဒါန်းထားသည့် လက်တွန်းထွန်စက်များဖြင့် စပေါင်းထွန်ယက်နေမှုနှင့် စာသင်ကျောင်းဆောက်လုပ်မည့်နေရာနှင့် ကျေးရွာအတွင်း ရိက္ခာဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အားပေး

ဆက်လက်၍ ဝန်ကြီးသည် ကျွန်းသာယာကျေးရွာသို့ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် ကျေးရွာပြန်လည်ဆောက်လုပ်နေရာချထားပေးမည့် နေရာ၊ လက်တွန်းထွန်စက်များ ရောက်ရှိနေမှု၊ စက်ရေတွင်းမှ ရေချိုရရှိနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ဆန်းကျေးရွာသို့ရောက်ရှိပြီး အထက်တန်းကျောင်းအတွက် ယာယီစာသင်ကျောင်းဆောင်များ ဆောက်လုပ်ပေးနေမှု၊ လေဘေးသင့်ပြည်သူများအတွက် ကျေးရွာပြန်လည်ဆောက်လုပ်ပေးမည့်နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကျေးရွာ သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ပေးနေမှု၊ ကျေးရွာအတွင်း သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ဈေးရောင်း ဈေးဝယ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန်၁၆ရက် နံနက်ပိုင်းက မော်တော်ဖြင့် ဘိုကလေးမြို့နယ် တမံကြီးကျေးရွာအတွင်း ကိုယ်ပိုင်လှေများ ပြန်လည်တည်ဆောက်နေမှု၊ မငယ်လေးကမ်းပတ်ရေကာတာကို ယန္တရားကြီးဖြင့် တာပတ်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရေတံခါးပြုပြင်

ဆက်လက်၍ ဝန်ကြီးသည် မငယ်လေးကျေးရွာသို့ ရောက်ရှိပြီးကျေးရွာအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး မငယ်လေးရေတံခါးပြုပြင်ရန် လိုအပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇျူးစခန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဘုန်းတော်ကြီးကျောင်းမိုးရန် သွပ်များလှူဒါန်းပြီး ကျေးရွာအတွက် ရိက္ခာဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာအတွက် အဝတ်အထည်နှင့် စားစရာများ ထောက်ပံ့ပေးအပ်သည်။

ပေးအပ်

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မဂူအုပ်စု(၂)ကွက် ကျေးရွာသို့ ရောက်ရှိကာ ကျေးရွာဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်အား သင်္ကန်းဆက်ကပ်လှူဒါန်း၍ ကျောင်းအတွက်လိုအပ်သော အမိုးသွပ်များ လှူဒါန်းပြီး ကျေးရွာအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ကြည့်ရှု

ဝန်ကြီးသည်ညနေပိုင်းတွင် ဘိုကလေးမြို့ ဈေးကြီးအတွင်း ဈေးရုံများပြုပြင်နေမှု၊ ဈေးအတွင်း ဈေးရောင်းဈေးဝယ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန် ၁၇ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ မြို့မဆွမ်းလောင်းအသင်းဓမ္မာရုံ၌ကျင်းပသည့် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲသို့ တက်ရောက်သည်။

နှုတ်ဆက်

ထို့နောက်ဝန်ကြီးသည် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ပြင်သစ်သမ္မတနိုင်ငံ Corps Mondial De Secours အဖွဲ့မှ Jean Uande Cantin ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၄ဦးပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။ အခမ်းအနားတွင် Myanmar Asia Express ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က ဆန်အိတ် ၁၀၀၀၊ Asia Green ကုမ္ပဏီမှ ဦးမင်းလတ်က ဆန်ဝယ်ရန် ငွေကျပ်သိန်း ၅၀ နှင့် တာပေါ်လင်စ ၁၅ လိပ်၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းမှ အလှူငွေ ကျပ်သိန်း ၁၅၀တို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းထံ ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် မငယ်လေးကမ်းပတ်ရေကာတာကို ယန္တရားကြီးဖြင့် တာပတ်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

KNU သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

ရန်ကုန် ဇွန် ၁၈

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် သပြေကုန်းကျေးရွာနေ ဦးကျော်ငယ် ၃၆နှစ်(ဘ) ဦးဘိုးသော်သည် ရွာအရှေ့မြောက်ဘက် ဘင်ဗြဲဒေသ၌ မျှစ်ချိုးသွားစဉ် ဇွန် ၁၃ရက် နံနက်ပိုင်းတွင် KNU သောင်းကျန်းသူအဖျက်သမားများထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဝဲဒူးအောက်ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ကိရိယာများဖြင့် ထွန်ယက်

ဇွန် ၁၈ရက်က လပွတ္တာမြို့နယ် အုန်းပင်စု ကျေးရွာတွင် ဒေသခံပြည်သူများက လယ်မြေများကို စက်ကိရိယာများဖြင့် ထွန်ယက်နေကြစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရေးရာဦးစီးဌာန ဌာနတွင်းသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန စာရေးဝန်ထမ်းရုံးလုပ်ငန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၈ရက်က နေပြည်တော်ရှိ ရုံးအမှတ်(၁၇)၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဖုံလှ တက်ရောက်၍ ဆုရရှိသူသင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)** အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ပြီး ရုံးလုပ်ငန်း အခြေခံဘာသာရပ် ခုနစ်မျိုးနှင့် ကွန်ပျူတာအခြေခံဘာသာရပ် လေးမျိုးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ယူပါသည် ကြက်ခြေနီ

သတင်းဆောင်းပါး - ကရုဏာရှင်
စာမျက်နှာဖွဲ့စည်းမှု - ကျော့မောင်မောင်

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)၊ သက်ဆိုင်ရာ တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီများနှင့် သက်ဆိုင်ရာမြို့နယ်ကြက်ခြေနီအသင်းတို့၏ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးပြုစုပေးခြင်း၊ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်ပေးခြင်း၊ အရေးပေါ်သွေးလိုအပ်ပါက သွေးသန့်ရရှိရေးအတွက် ကြက်ခြေနီစေတနာလုပ်အားရှင်များမှ ကိုယ်တိုင်သွေးသန့်လှူဒါန်းခြင်း၊ သွေးသန့်သွေးလှူရှင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများတွင် ရှေ့တန်းမှ ပါဝင်ကူညီဆောင်ရွက်ခြင်း အစရှိသည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာလုပ်အားရှင်များ လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရန်အတွက် ရပ်ရွာလူထုအား ပါဝင် ကူညီဆောင်ရွက်ခဲ့ကြစဉ်။

ကယ်ဆယ်ရေးလုပ်ငန်းပိုင်းတွင်လည်း ပြိုကျပျက်စီးမှုများကြားတွင် ထိခိုက် ဒဏ်ရာရနေသူများ၊ ပိတ်မိနေသူများကို ကယ်တင်ပေးခြင်း၊ လေဘေးသင့်သူများအား သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ကယ်ဆယ်ရေးစခန်းများတွင် အစားအသောက်နှင့် ရေသန့်များဝေငှပေးခြင်း၊ ယာယီတဲများ ဆောက်လုပ်ရာတွင် ပါဝင်ကူညီခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်လာစေရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဖြူးပေးခြင်း၊ ကွဲကွာနေသော မိသားစုဝင်များ ပြန်လည်ဆက်နွယ်ပေးခြင်း၊[Restoring Family Link (RFL)] အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေက ကွဲကွာနေသော မိသားစုဝင်များအား ပြန်လည်ဆက်နွယ်ပေးသော လုပ်ငန်းနှင့်ပတ်သက်၍ **"သဘာဝ ဘေးအန္တရာယ်ကြောင့် ကွဲကွာနေသော မိသားစုဝင်များကို ပြန်လည်ဆုံစည်းပေးတဲ့ ကြက်ခြေနီလုပ်ငန်းဖြစ်ပါတယ်။ မိသားစုဝင်တွေ ပြန်လည်ဆုံစည်းပေးနိုင်ဖို့ သတင်းအချက်အလက်တွေ ရှာဖွေစုဆောင်းရတာ အချိန်ကြာ၊ ခက်ခဲသလောက် ပြန်လည်ဆုံစည်းသွားကြတဲ့အခါ အတိုင်းမသိ ပီတိနဲ့ ဝမ်းသာကြည်နူးကြရပါတယ်။ ကျွန်တော်တို့ ကြက်ခြေနီ စေတနာလုပ်အားရှင်တွေအနေနဲ့ အခြားအရာများထက် ဒီလို ကူညီလိုက်တဲ့ လုပ်ငန်းကရရှိတဲ့ ပီတိကို သိပ်ပြီး တန်ဖိုးထားကြပါတယ်"**ဟု ပြောကြားသည်။

ကွဲကွာနေသောမိသားစုများ ပြန်လည်ဆက်နွယ်ပေးခြင်း လုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများမှလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကွဲကွာနေသော မိသားစုဝင်များအား ပြန်လည်တွေ့ဆုံလိုသူများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)တွင် လည်းကောင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်မြို့နယ် မြို့နယ်ကြက်ခြေနီအသင်းရုံးများတွင် လည်းကောင်း စာရင်းပေးသွင်းနိုင်သည်။

ယခင်က များစွာတွေ့ကြုံဖူးသော ကြက်ခြေနီလုပ်ငန်းများမှ တစ်မူထူးခြားသည့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု လုပ်ငန်းများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းကိုလည်း ဝမ်းမြောက်ဖွယ် ကြားသိရသည်။ ယင်းလုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးထားသော ကြက်ခြေနီ စေတနာလုပ်အားရှင်များက ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက **"လေဘေးသင့် ပြည်သူတွေအနေနဲ့ ဒီရာစုနှစ်များအတွင်း အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရတာဖြစ်လို့ ထိတ်လန့်မှု၊ ကြောက်ရွံ့မှု၊ ဝမ်းနည်းမှုတွေ ခံစားခဲ့ကြရပေမယ့် ကျန်ရှိတဲ့ လက်တွေ့ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဆက်လက်ရှင်သန်သွားကြဖို့ လိုပါတယ်။ ကြက်ခြေနီ စေတနာလုပ်အားရှင်များအနေနဲ့ အတိုင်းအတာတစ်ခုအထိ စိတ်ဖိစီးမှု ဒဏ်ရာများမှ သက်သာရာရအောင် ကရုဏာတရားဖြင့် ဖေးမကူညီပေးမှာ ဖြစ်ပါတယ်"**ဟု ပြောကြားသည်။ ပြည်သူလူထုအနေနဲ့ ကြက်ခြေနီရဲ့ ရုပ်ပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးတဲ့ လူမှုကရုဏာလုပ်ငန်းများဖြစ်တဲ့ ရှေးဦးပြုစုပေးခြင်း လုပ်ငန်းများ၊ ဘေးဒုက္ခဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း အစရှိတဲ့ ကယ်ဆယ်ရေးလုပ်ငန်းများ၊ လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ခြေတုတပ်ဆင်ပေးခြင်းလုပ်ငန်းများ အစရှိတဲ့လုပ်ငန်းတွေကိုသာ သိကြတာများပေမယ့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီတဲ့ လုပ်ငန်းတွေကိုတော့ လူသိနည်းသေးသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု သင်တန်းများကို ၂၀၀၄ခုနှစ်တွင် လူထုတွင်း ရှေးဦးပြုစုခြင်း အမြဲတေနည်းပြ သင်တန်းမှ စတင် မိတ်ဆက်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာဌာနနှင့် ပူးပေါင်းကာ ၂၀၀၇ ခုနှစ်မှစတင်၍ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ကြက်ခြေနီမောင်မယ်များအား ရွေးချယ်လေ့ကျင့် သင်ကြားပေးခဲ့ပြီးဖြစ်သည်။ **"သင်တန်းတွေ ပေးတုန်းကတော့ အများက သိပ်မလိုအပ်ဘူးလို့ယူဆခဲ့ကြပေမယ့် ဒါဟာ မှန်ကန်တဲ့ ကြိုတင်ပြင်ဆင်မှုဖြစ်ပြီး ဒီလိုကြိုတင်ပြင်ဆင်ခဲ့လို့လဲ အခုလိုသဘာဝ ဘေးအန္တရာယ်ဒဏ်ကြောင့် စိတ်ဖိစီးမှုခံစားနေရတဲ့သူတွေအတွက် လိုအပ်တဲ့ အားပေးမှု အကူအညီပေးနိုင်တာပါ"**ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေက ပြောကြားသည်။

စေတနာလုပ်အားရှင်များ လပွတ္တာမြို့နယ် ကျောက်မှော် ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲရေးနှင့်ပတ်သက်၍ လက်တွေ့ရှင်းလင်းပြသနေစဉ်။

ယခင်နှစ်များအတွင်း များစွာသော လူထုအခြေပြု ကြက်ခြေနီသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ခြင်း၏ အကျိုးကျေးဇူးကို ယခု မျက်ဝါးထင်ထင် မြင်ကြရပြီဖြစ်သည်။ လူထုအခြေပြု ရှေးဦးပြုစုခြင်းသင်တန်းတက်ရောက်ပြီးသော ပြည်သူများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများကို ကြက်ခြေနီ စေတနာလုပ်အားရှင်များမှ ရှေးဦးပြုစုရာတွင် ဝိုင်းဝန်းကူညီခဲ့ကြသလို လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ တက်ရောက်ပြီးသော ပြည်သူများသည်လည်း ရေသန့်ဆေးရည်၊ ဆေးပြားသုံးစွဲနည်း သရုပ်ပြခြင်းများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ အစားအစာနှင့် ဆေးဝါးများဖြန့်ဝေသည့်လုပ်ငန်းများတွင် ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့်အတူ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည်မှာ အားရစရာပင် ဖြစ်ပေသည်။

ကျေးရွာအရောက် ကြက်ခြေနီ ခရီးပေါက်ရမည်ဆိုသော ကြက်ခြေနီဆောင်ပုဒ်နှင့်အညီ လေဘေးသင့်ဒေသများတွင် ကျေးရွာများအထိ ကြက်ခြေနီအလံများ ဝင့်ဝင့်ကြွားကြွားလွှင့်ထူလျက် **ဘေးဒုက္ခကြုံ အလုံးစုံ စွမ်းကုန်ကူညီ ကြက်ခြေနီ** ဆိုသည့် ကြက်ခြေနီဆိုစကားအတိုင်း နိုင်ငံတော်၏ လူမှုကရုဏာလုပ်ငန်းများတွင် အရန်အင်အားအဖြစ် ကျရာကဏ္ဍအသီးသီးမှ ကြက်ခြေနီမောင်မယ်တို့ တက်ကြွစွာ ရှေ့တန်းမှ လုပ်ငန်းများ စွမ်းဆောင်လျက်ရှိကြပေသည်။ ယင်းကဲ့သို့ နေ့နေ့ညည မမောနိုင်မပန်းနိုင် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးနေကြသော လူထုအတွင်း အချိန်အခါမရွေး လိုအပ်ချက်နှင့်အညီ ရှေးဦးပြုစုပေးနေကြသော ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရှေ့တန်းမှ ပါဝင်ကူညီဆောင်ရွက်နေကြသော ကြက်ခြေနီမောင်မယ်များ ကျန်းမာရွှင်လန်းကြပါစေ။ ပြည်သူလူထု အကျိုးဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ကြပါစေလို့ ဆုတောင်းဆန္ဒပြုရင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးနှင့်တကွ ကြက်ခြေနီမောင်မယ်တို့၏ လူမှုကရုဏာ စွမ်းဆောင်ချက်များအား ဤဆောင်းပါးဖြင့် အသိအမှတ်ပြု ဂုဏ်ပြုလိုက်ရပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာလုပ်အားရှင်များလပွတ္တာမြို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လေဘေးသင့်ပြည်သူတစ်ဦးအား ဆေးရုံသို့ သယ်ယူပို့ဆောင်ပေးခဲ့စဉ်။

ကြက်ခြေနီ၏ လူမှုကရုဏာ စွမ်းဆောင်ချက်များအား အမျိုးသားရေးစိတ်ဓာတ်ဖြင့် အစဉ်အမြဲ လေးစားဂုဏ်ယူလျက်. . .

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ လေဘေးသင့်ပြည်သူများအတွက် ကျေးရွာများအရောက် ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ဖြန့်ဝေရာတွင် စေတနာလုပ်အားရှင်များ ဤသို့ ပါဝင်ကူညီခဲ့ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ဆောင်ရွက်လျက်ရှိသော လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စေတနာလုပ်အားရှင်များက ပါဝင်ကူညီဆောင်ရွက်ကြစဉ်။

မန္တလေး ရွှေတချောင်းမြောင်း ကျောက်ရိုးစီ မြေထိန်းနံရံများတည်ဆောက် ရေနုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်ရန် စက်ယန္တရားဖြင့်ရှင်းလင်း

မန္တလေး ဇွန် ၁၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများ၊ ဌာနခွဲမှူးများ လိုက်ပါလျက် မေ ၂၆ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ် ၈၈ လမ်းနှင့် ၈၉ လမ်းကြား၊ ၃၃ လမ်း ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှု၊ မဟာအောင်မြေ မြို့နယ်အတွင်း ၃၇ လမ်းနှင့် ၄၁ လမ်းကြားရှိ ရွှေတချောင်းမြောင်း ကျောက်ရိုးစီမြေထိန်းနံရံများ ပြုပြင်တည်ဆောက်နေမှုနှင့် ရေစီးဆင်းမှုအခြေအနေ၊ ၄၁ လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)

ကတ္တရာလမ်းခင်း

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၈၈ လမ်းနှင့် ၈၉လမ်းကြားရှိ ၃၃ လမ်းကို စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် ကတ္တရာလမ်းခင်း ဆောင်ရွက်ပြီးစီးမှုများနှင့် လမ်းဘေးဝဲယာရေနုတ်မြောင်းများ ရေစီးဆင်းမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည်မဟာအောင်မြေမြို့နယ် ၈၆လမ်း၊ ၃၅လမ်းမှ ၄၁လမ်းအထိ ရွှေတချောင်းမြောင်းတစ်လျှောက် ရေစီးဆင်းမှုအခြေအနေ၊ ပြုပြင်ရန်လိုအပ်သည့် ရွှေတချောင်းမြောင်း ပခုံးသား ကျောက်ရိုးစီမြေထိန်းနံရံ ပြုပြင်တည်ဆောက်ပြီးစီးမှုများနှင့် ရေလွှဲမြောင်းတူးဖော်၍ဆက်လက်ဆောင်ရွက်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် ၄၁ လမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ ရေစီးဆင်းမှု ပိုမိုကောင်းမွန်စေရန်အတွက် စက်ယန္တရားကြီးဖြင့် ရေနုတ်မြောင်းအတွင်းမှ အမှိုက်သရိုက်များ၊ မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စက်ယန္တရားကြီးများ အကျိုးရှိစွာအသုံးပြု ဆောင်ရွက်ရေးနှင့် မန္တလေးမြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်သွားရန်သက်ဆိုင်ရာဌာနမှူးများကိုမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (၁၁၃)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ပေါ်ရှိ ဥက္ကံချောင်းကူး သစ်သားတံတား ပြင်ဆင်ဆောက်လုပ်မှုကို ဇွန် ၈ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလှိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အထူးဈေးရောင်းပွဲ တောင်တွင်းကြီးမြို့၌ဖွင့်

တောင်တွင်းကြီး ဇွန် ၁၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ရက် နံနက် ၈ နာရီက တောင်တွင်းကြီးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စက်မှု(၁)ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၃၀ ခန့် တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးသန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆိုင်းဘုတ်ဖွင့်

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးအရာရှိဗိုလ်မှူးကြီး ဝင်းနောင်က အထူးဈေးရောင်းပွဲတော် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များက အထူးဈေးရောင်းပွဲတော်အတွင်း လှည့်လည်ကြည့်ရှုကြပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများကိုဝယ်ယူအားပေးကြသည်။

ဖွင့်လှစ်ထား

အထူးဈေးရောင်းပွဲတော်(တောင်တွင်းကြီး)ကို ဇွန် ၁၄ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများကို အဖိုးနှုန်းချိုသာစွာဖြင့် ပြည်သူများ ဝယ်ယူအားပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေး)

စက်ရေတွင်းကြည့်ရှုစစ်ဆေး

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တူးဖော်ပြီးစီးသော တညောင်ကျေးရွာ စက်ရေတွင်းကို မေ ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ယင်းမာပင် ဇွန် ၁၃

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၀၇-၂၀၀၈ ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၃၀ ရက် နံနက် ၁၁ နာရီက ယင်းမာပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း တေဇဆောင်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ အသင်း၏ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်း**(အောက်ပုံ)**နှင့် သမဝါယမ ဦးစီးအရာရှိ ဒေါ်ဝင်းကြွေတို့က အမှာစကားပြောကြားကြပြီး အလုပ်အမှုဆောင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊အသင်းသားစာရင်းစစ်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် နှစ်ချုပ်စာရင်း စစ်ဆေးတွေ့ရှိချက်များကိုလည်းကောင်း ဖတ်ကြားရှင်းလင်းဆွေးနွေးရာ အမှုဆောင် ဒါရိုက်တာအဖွဲ့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်ပြီး အသင်းဝင်များ၏ သားသမီးများမှ ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အသင်းသား ၃၇၈ဦး၏ စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၂၅ သိန်းခန့်ကို ခံစားခွင့်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးအတွက် မေ ၂၆ ရက်က ပြည်မြို့အခြေခံပညာ မူလတန်းကျောင်း (ကျောင်းကြီးအိုးတန်းရပ်)တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့နယ်စည်ပင် ကျေးလက်လမ်းခင်းရန် တိုင်းတာဆောင်ရွက်

ဝိုင်းမော် ဇွန် ၁၄

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဝါးရှောင်-ဒိန်ဂျာယန် ကျေးလက်ကျောက်ချောလမ်းခင်း ဆောင်ရွက်နိုင်ရေးအတွက် မေ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမြင့်အောင်ကွင်းဆင်းတိုင်းတာခြင်းကို အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

ကေဘယ်လ်ကြိုးကိုင်မိ၍ ဓာတ်လိုက်သေဆုံး

မြင်းခြံ ဇွန် ၁၀

မြင်းခြံမြို့ အမှတ် ၁၅ ရပ်ကွက် နယ်မြေ(၆)တွင် မေ ၂၃ ရက် ည ၉နာရီက အမျိုးသားတစ်ဦးဓာတ်လိုက်၍ သေဆုံးနေကြောင်း သတင်းရရှိသဖြင့် အမှတ်(၁)ရဲစခန်းမှ ရဲအုပ်သိန်းဆွေနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

စစ်ဆေး

ဖြစ်ပွားပုံမှာ အမှတ် ၁၅ရပ်ကွက် နယ်မြေ (၆)တွင် နေထိုင်သူ အဖဦးအေးဆွေ၏သား မြင့်ဇော် အသက်(၃၁)နှစ် သစ်စက်အလုပ်သမားသည် ဗို့ ၁၁၀၀၀ ရှိ နံပါတ် (၈)ကေဘယ်လ် ကြေးကြိုးရှော့ဖြစ်၍ ပြုတ်ကျနေသည်ကို ကိုင်တွယ်မိ၍ ဓာတ်လိုက်သေဆုံးရခြင်းဖြစ်သည်။ အဆိုပါအမှုကို မြင်းခြံမြို့ အမှတ်(၁)ရဲစခန်းမှ သေမှုသေခင်း အမှတ် ၁၈/၂၀၀၈ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၀၈၇)

လူပျောက်ကြော်ငြာ

ကိုဘတင်(ခ)ကိုတင်ကိုလတ်(ခ) ကိုတင်ကိုကို ၉/မရတ(နိုင်)၁၂၃၆၆၂ သည် ၁၃-၅-၂၀၀၈ရက်တွင် ရန်ကုန်မြို့သို့သွားရင်း ပျောက်ဆုံးသွားပါ၍ လက်ခံထားသူအား ဥပဒေအရအရေးယူမည်ဖြစ်ပြီး တွေ့ရှိသူများ အကြောင်းကြားပေးပါရန်။

ဇနီး-ဝင်းပပဖြူ
အကွက်အမှတ် ၈၆၇၊
ကံရွာ၊ ချမ်းတောင်ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၄၁၅၆၊ ၀၂-၃၁၅၆၁။

လားရှိုးမြို့ အလက(၂)(ကြို့စံ)ကျောင်း

၁၉၆၆မှ၁၉၈၀အထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၈-၆-၂၀၀၈ရက်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ပါဝင်တက်ရောက်နိုင်ရန် သူငယ်ချင်းများအားလုံးကို ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-
ဦးမောင်မောင်ဝင်း ဖုန်း-၀၈၂-၂၃၆၂၆ **ဦးအောင်နိုင် ဖုန်း-၀၈၂-၂၃၃၈၀**
ဦးလှရွှေ ဖုန်း-၀၈၂-၂၂၈၆၂ **ဦးမောင်အုန်း ဖုန်း-၀၈၂-၃၀၁၄၇**
ဦးမောင်အေး ဖုန်း-၀၈၂-၂၂၀၇၄ **ဒေါ်ရီးဝါ ဖုန်း-၀၈၂-၂၂၂၇၁။**
ဦးဖိုးကြွယ် ဖုန်း-၀၉-၅၂-၆၀၅၄၃

အမည်မှန်

အဖ ဦးကျန်စီးရှင်၏ သား နောင်မွန် အထကခွဲ ပဉ္စမတန်းမှ မောင်ကျော်ခိုင်၏ အမည်မှန်မှာ မောင်ကျန်ချီပေါက် ဖြစ်ပါကြောင်း။

မောင်ကျန်ချီပေါက်။

အမည်မှန်

အဖ ဦးကျန်စီးရှင်၏ သမီး နောင်မွန် အထကခွဲ ဒုတိယတန်းမှ မချောခိုင်၏ အမည်မှန်မှာ မကျန်ချီရှင်း ဖြစ်ပါကြောင်း။

မကျန်ချီရှင်း။



ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့် ခန့်ထားရန်)

စားဖိုမှူး (ကျား) ၂ ဦး

(တရုတ်နှင့် ယိုးဒယားအစားအစာများ ကျွမ်းကျင်စွာ ချက်ပြုတ်နိုင်ရမည်)

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်းနှင့်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထား၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့် ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

APEX SNOOKER CENTRE
အမှတ် ၃၃၂-ဘီ၊ မဟာမြိုင်မှတ်တိုင်အနီး
ပြည်လမ်း စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၆၁၇၈ Toyota Dyna Bu 66 Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းတေ ၁၃/သပန(နိုင်)၀၂၃၅၁၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)။**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကမ/၂၃၆၄ Kenbo 110/M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ညွန့် ၁၃/ကမန(နိုင်)၀၃၉၇၆၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)။**

အမည်ပြောင်း

အဖ ဦးအောင်မြိုင် ၇/ပတန(နိုင်)၀၀၀၀၅၂၏သား ကိုခွန်အောင်ဇော်ထွေးအား ခွန်အောင်သွင်ဟု ခေါ်ပါရန်။

ခွန်အောင်ဇော်ထွေး(ခ)ခွန်အောင်သွင်။

အမည်ပြောင်း

ဦးအိုက်ယော်၏ သမီးဖြစ်သူ မိုးကောင်းမြို့ အထက(၁) တတိယတန်းမှ အက်စ်စတာဂျာမွန်းပန်အား မအက်စ်စတာလင်းလက်ကြယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မအက်စ်စတာလင်းလက်ကြယ်။**

ဖခင်အမည်မှန်

မိုးကောင်းမြို့ အထက(၁) တတိယတန်းမှ မအက်စ်စတာလင်းလက်ကြယ်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ယော် ၁/မကတ (နိုင်) ၀၇၇၄၇၇ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၉ဒီ၂/ဘီ၊ မြေကွက် တည်နေရာအမှတ် ၄၁/F သာယာဝတီလမ်း၊ဗဟန်းမြို့နယ် ဒေါ်မြအေး အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဒေါ်မြအေးနှင့် ခင်ပွန်း ဦးအဖျောင်း(ခ) ဦးကိုလေး(ခ)ဦးအချောင်း ကွယ်လွန်သဖြင့်

၁။ ဒေါ်တင်တင်မြင့်
၁၂/ဗဟန(နိုင်) ၀၈၀၂၀၅
၂။ ဒေါ်တင်တင်ငွေး
၁၂/ဗဟန(နိုင်)၀၈၀၂၆၀
၃။ ဒေါ်တင်တင်မော်
၁၂/ဗဟန(နိုင်)၀၈၀၂၀၆
၄။ ဦးဝင်းငွေး
၁၂/မရက(နိုင်)၁၁၃၁၁၅
၅။ ဒေါ်တင်တင်ကြူ
၁၂/ဗဟန(နိုင်)၀၈၀၂၀၈
၆။ ဦးခင်မောင်ငွေး
၁၂/ဗဟန(နိုင်)၀၈၀၂၀၉
၇။ ဒေါ်အေးစန္ဒာခိုင်
၁၂/ဗဟန(နိုင်)၀၀၃၅၆၁

တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၆လမ်း အမှတ်(၅၅) ပထမထပ်(ယာဘက်ခန်း)ဟုခေါ်တွင်သော အိမ်ခန်းကို အိမ်ခန်းပိုင်ရှင် ဦးမျိုးချစ် ၁၂/အစန(နိုင်)၁၆၇၃၅၄ထံမှ ဦးထွန်းလွင် ၁၄/လမန (နိုင်)၀၅၉၈၁၇က အပျောက်စနစ်ဖြင့် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသဖြင့် ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား တင်ပြ၍ ယနေ့မှစပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးထွန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးချစ်လွင် (ADVOCATE) B.COM(A.A)D.E.P.,R.L
တရားရုံးချုပ်ရှေ့နေ(၂၈၅၉)
အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။
ဖုန်း-၂၉၇၈၃၀။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂.H၊ မြေကွက်အမှတ် ၄၇၂K၊ မြေကွက်တည်နေရာ အမှတ် ၈၂ နတ်မောက်လမ်း ဗဟန်းမြို့နယ် ဒေါ်စိန်+၉ အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက်လေးဦးဖြစ်သော ဦးမြင့်၊ ဒေါ်စိန်၊ ဦးအောင်ကျော်၊ ဦးအုန်းမောင်တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏ အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြသော (၁) ဒေါ်သန်းသန်း ၁၂/ဗဟန(နိုင်)၀၅၂၁၂၂ (၂) ဦးတင်မောင်ဝင်း ၉/မကန(နိုင်)၀၄၂၉၇၃ (၃) ဒေါ်စုစုအောင်ကျော် ၁၂/ဗဟန(နိုင်)၀၅၅၃၉၇ (၄) ဒေါ်သန်းစိန် ၇/ပမန(နိုင်)၀၀၆၇၆၇တို့က ဇနီးနှင့်သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြလျက် ပူးတွဲပိုင်ရှင်များဖြစ်ကြသော အမည်ပေါက်များ ဒေါ်အေးအေး၊ ဒေါ်လှလှ၊ ဦးစိန်တင့်(ခ) ဦးသိန်းတင်၊ ဦးအောင်ချို၊ ဦးလှရွှေ၊ ဒေါ်ကြည်ကြည်ဒိုင်တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် လှူဒါန်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ဦးဇော်ဝင်းထိုက်၁၀/သထန(နိုင်)၀၈၂၂၁၈-ဒေါ်ရှုမဝချမ်း ၁၀/သထန(နိုင်)၀၇၈၃၇၇ တို့သည် ဖော်ပြပါ (နိဗ္ဗာန်ကုန်နှင့်သင်္ကန်းတိုက်) အမည်အမှတ်အသား၊ ကုန်အမှတ်တံဆိပ်နှစ်ခု အမည်ကို မိမိတို့တစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း သထုံမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်-၁၁/၀၈ဖြင့် မှတ်ပုံတင်ထားခဲ့ပါသည်။ ဖော်ပြပါ စွန်သိမ်းနိဗ္ဗာန်ကုန်နှင့်



သင်္ကန်းတိုက် အမည်ပါ အမှတ်တံဆိပ်နှစ်ခုကို မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဒီဇိုင်းတီထွင်၍ ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများကိုသုံး၍ နိဗ္ဗာန်ကုန်ပစ္စည်းနှင့် သင်္ကန်းအမျိုးမျိုးတို့တွင် ဒီဇိုင်းပါအမှတ်တံဆိပ်အား ကပ်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ စီးပွားရေးမသမာသူအချို့သည် ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်ကို အသုံးပြု၍လည်းကောင်း၊ အမည်ဆင်တူယိုးမှား ပြုလုပ်၍လည်းကောင်း၊ တံဆိပ် ဆင်တူယိုးမှားတို့ကို တုပပြုလုပ်၍လည်းကောင်း၊ ထုတ်လုပ်ရောင်းချနေကြောင်း စုံစမ်းသိရှိရ၍ ဝယ်ယူအသုံးပြုသူများအနေဖြင့် ဖော်ပြပါကုန်အမှတ်တံဆိပ်အစစ်အမှန်ကို သတိထား၍ ဝယ်ယူအသုံးပြုကြရန်နှင့် ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်နေသူ မည်သူ့ကိုမဆို တရားဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလှိုင်(H.G.P, LL.B)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၅၁၊ နတ်စင်ကုန်းရပ်၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့။
ဖုန်း-၀၉-၈၇၂၀၂၁၇။

ဥတ္တရာသီ တောကိုမှီ၏

စာကြည့်တိုက် မှတ်ပုံတင်ပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျောင်းကုန်း၌ ကျင်းပ

ကျောင်းကုန်း ဇွန် ၁၄

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက် ကျုံပျော်လမ်း ဘဝပန်းတိုင် စာကြည့်တိုက်၌ စာကြည့်တိုက် မှတ်ပုံတင်ပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇွန် ၇ရက် နံနက်၉နာရီက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှပိုမိုက ဘဝပန်းတိုင်စာကြည့်တိုက် မှတ်ပုံတင်ကို စာကြည့်တိုက်ကြီးကြပ်ရေး ကော်မတီအား ပေးအပ်သည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်မြို့နေ အလှူရှင် ဦးသိန်းစိန်-ဒေါ်ခင်ခင်ဝင်းမိသားစု ကိုယ်စား ကျောင်းကုန်းမြို့ အမှတ် (၃) ရပ်ကွက်နေ ဦးသန်းညွန့်-ဒေါ်သန်းနု မိသားစုက သုတစာအုပ် ၂၁၀၊ ရသစာအုပ် ၄၃၃အုပ် စုစုပေါင်းစာအုပ် ၆၄၃ အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး ဦးစိုးငြိမ်းက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကာမိုင်းမြို့ လှပရေး စုပေါင်းဆောင်ရွက်

ကာမိုင်း ဇွန် ၁၂

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကာမိုင်းမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ် သာယာလှပစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇွန် ၁ရက်က အဖွဲ့ဝန်ထမ်းများ ဗိုလ်တေဇလမ်းဘေးဝဲယာတစ်လျှောက်၌ ချုံနွယ်ပေါင်းမြက်နှင့် အမှိုက်သရိုက်များ ရှင်းလင်းသိမ်းဆည်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းအောင် ပြုပြင်တူးဖော်ခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံ ဦးစီးအရာရှိဦးမိုးလွင် ကြီးကြပ်ပေးကြောင်း သိရသည်။ (၀၀၁)

မိခင်ကြီးဒေါ်ခင်ညွန့်အား ရည်စူးပြီး ဖခင် ဦးကိုကိုကြီး အမှူးထား၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အနော်ရထာလမ်း အခန်း ၆ အမှတ် ၃၅၀/၃၅၄ (ခ)နေ ဦးဝင်းမြင့်အောင်-ဒေါ်သီဂီ မိသားစုက ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဇွန် ၁၁ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးပြည်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ်စည်ပင်အဖွဲ့ ကျေးလက်လမ်းတံတားပြုပြင်

ရေစကြို ဇွန် ၁၇

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့် တာဝန်ရှိသူတို့သည် မေ၂၈ရက်က ရေစကြိုမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်သည့် မြို့ပြကျေးလက်လမ်း၊ တံတားလုပ်ငန်းများနှင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့ပြကျေးလက်လမ်း၊ တံတားမြေသားပြုပြင်မှု၊ ကျောက်ချောလမ်းခင်းမှုနှင့် ရေပေးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဇော်ဖြိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးအေးသူနှင့် မြို့မဈေးကြီး တာဝန်ခံ ဦးတင်ဝင်းတို့က လိုက်လံရှင်းလင်းပြသကြရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်မှူး ဦးသက်ထွန်းက လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

(၀၆၉)

စူဠဘွဲ့ နှင်းသဘင်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာအောင်ဆုချီးမြှင့်

မိုးမောက် ဇွန် ၁၅

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်းရှိ စာအောင်သံဃာတော်များနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု အောင်မြင်သူများအား အောင်လက်မှတ် ဆက်ကပ်ပေးအပ်သည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဇွန် ၈ရက် မွန်းလွဲ ၁နာရီက မိုးမောက်မြို့ မန္တလေးကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကြူ၊ မြို့နယ်သာသနာရေးမှူး ဦးငွေးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။